INNOVATIONS FOR SUCCESSFUL SOCIETIES

# POWER AT THE GRASS ROOTS ៖
# MONITORING PUBLIC WORKS IN ABRA, PHILIPPINES, 1986-1990
# အခြေခံလူတန်းစား၏ အခွင့်အာဏာ -
# ဖိလစ်ပိုင်နိုင်ငံ၊ အက်ဘရာ ဒေသမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ၁၉၈၆ - ၁၉၉၀

## အကျဉ်းချုပ်

၁၉၈၀ ခုနှစ်များ၏ အစောပိုင်းတွင်၊ ဖိလစ်နိုင်ငံ၏ ဝေးလံဒေသများရှိ လမ်းများနှင့် အခြားအခြေခံ အဆောက်အအုံများ ညံ့ဖျင်းဆိုးဝါးနေခဲ့သည့် အခြေအနေသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်ပြီး၊ ဒေသတွင်း၌ တန်းတူညီမျှမှု မရှိခြင်းကို ပိုမိုမြင့်မားလာစေခဲ့သည်။ အဓိက ပြဿနာတစ်ခုမှာ ဗဟိုအစိုးရသည် ကျွန်းပေါင်း ၇၁၀၀ ပါဝင်ဖွဲ့စည်းထားသည့် ဤဝေးလံခေါင်သီ ကျွန်းစု ဒေသများ၌ ၎င်းကိုယ်တိုင် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များကို လိုက်လံ ကြည့်ရှု စစ်ဆေး နိုင်စွမ်း မရှိခဲ့ခြင်း ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် သမ္မတ ကိုရာဇွန် အကွီနို က ရပ်ရွာလူထု အလုပ်အကိုင်နှင့် ဖွံ့ဖြိုးရေးအစီအစဉ် (Community Employment and Development Program) ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤအစီအစဉ်က အစိုးရ၏ ကျေးလက်ဒေသ ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းအစီအစဉ်များ၌ စီမံခန့်ခွဲပုံ နည်းလမ်းကို ပြောင်းလဲပစ်နိုင်ခဲ့သည်။ သမ္မတအကွီနို၏ အစိုးရအဖွဲ့သည် နိုင်ငံသားများအား ဆောက်လုပ်ရေးလုပ်ငန်းများ၏ တိုးတက်မှု နှင့် အရည်အသွေးကို စောင့်ကြည့်စစ်ဆေးနိုင်ရန် စွမ်းအားဖြည့် မြှင့်တင်ပေးခဲ့သည်။ Luzon ကျွန်းမ ကြီးပေါ်ရှိ မြောက်ပိုင်း အက်ဘရာ ခရိုင်တွင် စေတနာ့ဝန်ထမ်းပြည်သူ နှစ်ဒါဇင်ခန့်သည် ကောင်းမွန်သည့် အစိုးရဖြစ်ရေးအတွက် အက်ဘရာမှ တာဝန်သိနိုင်ငံသားများ (Concerned Citizens of Abra for Good Government) ဟူသည့် အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့သည်။ အဖွဲ့သည် အစိုးရအရာရှိများနှင့် ကန်ထရိုက်တာများအား ၎င်းတို့၏ အလုပ်တာဝန်များကို မှန်မှန်ကန်ကန်၊ မဖောက်မပြန်ဘဲ လုပ်နိုင်စေရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် အဖွဲ့သည် ဗဟို အစိုးရအဖွဲ့အစည်းများထံသို့ မပြီးစီးသည့် စီမံချက် ၂၀ နှင့် ပတ်သက်၍ သတိပေးနှိုးဆော်ခဲ့ပြီး၊ တင်ပြ သည့် သက်သေအထောက်အထားကို အခြေပြု၍ လူသိထင်ရှားစုံစမ်းစစ်ဆေးမှု တစ်ရပ်ဖြင့် ဒေသန္တအရာရှိအချို့ကို စုံစမ်းမေးမြန်းစေခဲ့သည်။ ဆက်လက်၍ အဖွဲ့သည် သမ္မတအကွီနို၏ ဖွံ့ဖြိုးရေး အစီအစဉ် အောက်မှ စီမံချက် တစ်ရာ ခန့်ကို စောင့်ကြပ်ကြည့်ရှုခဲ့ပါသည်။ အဖွဲ့သည် ၁၉၈၈ ခုနှစ်တွင် သမ္မတ၏ တရားဝင်ထုတ်ပြန်ချီးကျူးမှုကို ရရှိခဲ့သည့်အပြင် ပြည်တွင်းနှင့်

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties. ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကိုမည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

နိုင်ငံတကာမှ အသိ အမှတ်ပြုမှု ကိုလည်း ရရှိခဲ့သည်။ နောက် ဆယ်စုနှစ် နှစ်ခု တိုင်အောင်ပင် Concerned Citizens အဖွဲ့သည် ၎င်းတို့၏ လုပ်ရှားဆောင်ရွက်မှုများကိုဆက်လက်တိုးချဲ့ခဲ့ ပြီး လမ်းများ၊ ကျောင်းတည်ဆောက်မှုများ၊ ဆည်မြောင်းစနစ်များနှင့် တံတားများ အပါအဝင် ပီဆိုငွေ သန်း ၃၀၀ (US$ 7 million) ပမာဏရှိသည့် အခြေခံအဆောက်အအုံ စီမံချက်ပေါင်း ၆၀၀ ကျော် ကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး နိုင်ခဲ့ပါသည်။ ဤဖြစ်ရပ်လေ့လာချက်တွင် တိုက်ရိုက်အနီးကပ် တာဝန်ခံ စေမှု ပုံစံတစ်ခု ဖြစ်သည့် နိုင်ငံသားများ၏ စောင့်ကြည့်စစ်ဆေးမှု၌ ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှု များအား လေ့လာ တင်ပြထားပါသည်။

*ဤဖြစ်ရပ်လေ့လာချက်အား ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့နှင့် အက်ဘရာခရိုင် Banguedမြို့တို့၌ တွေ့ဆုံ မေးမြန်းချက်များကို အခြေပြု၍ Rushda Majeed က ရေးသားပြုစုခဲ့ပါသည်။ ဇူလိုင်၊ ၂၀၁၃ တွင် ထုတ်ဝေသည်။ ကမ္ဘာ့ဘဏ်၏ အကူအညီ ဖြင့် Myanmar Multi-Donor Trust Fund မှ ကျခံကာ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်သည်။*

## နိဒါန်း

၁၉၈၇ ခုနှစ် အစောပိုင်းတွင် ဖိလစ်ပိုင် နိုင်ငံ မြောက်ပိုင်း အက်ဘရာ ခရိုင်မှ နိုင်ငံသား များသည် ဒေသတွင်း သတင်းစာ တစ်စောင် ဖြစ်သည့် Norluzonian Courier သတင်းစာ တွင်ပါရှိသည့် ထုတ်ပြန်ကြေညာချက် တစ်ခုကြောင့် လွန်စွာ အံ့အား သင့်ခဲ့ကြရသည်။ ထုတ်ပြန်ကြေညာချက်တွင် ပြည်သူ့ ဆောက်လုပ်ရေးနှင့် လမ်းမကြီးများ ဦးစီးဌာန (Department of Public Works and Highways) ၏ အက်ဘရာ ခရိုင်ရုံးသည် ဗဟို အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အခြေခံ အဆောက်အအုံ စီမံချက် ၂၀ ကို ဆောင်ရွက် ပြီးစီးခဲ့ပြီ ဖြစ်ကြောင်း ရေးသား ထားပါသည်။ ကောင်းမွန်သည့် အစိုးရဖြစ်ရေးအတွက် အက်ဘရာမှ တာဝန်သိနိုင်ငံသားများ အဖွဲ့ (Concerned Citizens of Abra for Good Government (CCAGG ဟု ဒေသတွင်း၌ ခေါ်ဝေါ်ကြသည်)) ၏ တွဲဖက်နာယကဖြစ်သူ Pura Sumangil နှင့် သူ၏ လုပ်ဖော်ကိုင်ဖက် များက လက်တွေ့အခြေအနေကို ပို၍ သိထား ကြပါသည်။ "ကျွန်မတို့ စောင့်ကြည့်နေတဲ့ ပရောဂျက် အများစုကို ပြီးစီးသွားပြီလို့ အစီရင်ခံထားတာတွေ့ရတယ်။ ဒါပေမယ့် ပရောဂျက် တစ်ချို့က အခုမှ စနေတုန်းပဲ ရှိသေးတယ်။ တစ်ချို့က တစ်ဝက်တစ်ပျက်၊ တစ်ချို့ဆိုရင် စတောင် မစရသေးဘူး။ အခုလို အစီရင်ခံတာ ကို အရမ်း ဒေါသ ထွက်တယ်" ဟု သူက ပြောသည်။

သတင်းစာတွင် ပါရှိသည့် ဦးစီးဌာန ခရိုင်ရုံးမှ ထုတ်ပြန်ချက်နှင့် အမှန်တကယ် စွမ်းဆောင်မှုအခြေ အထားတို့ ကွာဟနေခဲ့သည်ကို ကြည့်ခြင်းဖြင့် အဘယ်ကြောင့် ကျောင်းဆရာများနှင့် ရပ်ရေးရွာရေး လှုပ်ရှား ဆောင်ရွက်သူအချို့မှ Concerned Citizens ဟု ခေါ်သည့် အဖွဲ့တစ်ခုကို လွန်ခဲ့သော လအနည်းငယ်ခန့်က ဖွဲ့စည်းခဲ့ရကြောင်း ကို နားလည် နိုင်ပေသည်။

Sumangil တို့၏ နိုင်ငံသားများကိုယ်တိုင် ပါဝင် ဆောင်ရွက်သည့် အစီအစဉ် (citizen-run program) သည် အက်ဘရာ၏ တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာမှ နိုင်ငံ၏ မြို့တော် ဖြစ်သည့် မနီလာ တွင် အကောင်အထည်ဖော်ခဲ့သည့် အစိုးရ၏ အစီအစဉ် တစ်ခု အပေါ်တွင် အကြောင်းရင်းခံ၍ ပေါ်ပေါက်ခဲ့ သည်ဟု ဆိုနိုင်ပါသည် [မြေပုံကို နောက်ဆက်တွဲတွင် ကြည့်ပါ] ။ ၁၉၈၆ ခုနှစ်၊ ဩဂုတ်လတွင် ဖိလစ်ပိုင် နိုင်ငံ ၏ သမ္မတသစ် ကိုရာဇွန် အကွီနို (Corazon Aquino) က ရပ်ရွာလူထု အလုပ်အကိုင်နှင့် ဖွံ့ဖြိုးရေးအစီအစဉ် (Community Employment and Development Program (CEDP)) ကို စတင်ဆောင်ရွက်ခဲ့သည်။ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ရန် နှင့် အစိုးရ လုပ်ငန်းများတွင် နိုင်ငံသားများ၏ ပူးပေါင်းပါဝင် မှု ကို တွန်းအားပေးမည့် တစ်နှစ်ကြာ အစီအစဉ် တစ်ခု ဖြစ်သည်။ အစီအစဉ်သည် အထူးသဖြင့် ကျေးလက် ဒေသများ၌ လယ်ယာမှဈေးသို့ သွားရာလမ်းများ၊

© 2014, Trustees of Princeton University

ကျန်းမာရေးဆေးခန်းများ၊ ကျောင်းအဆောက်အဦး များ နှင့် ဆည်မြောင်းစနစ်များ စသည့် အတန်အသင့် သေးငယ်သော အရွယ်အစားဖြစ်သည့် တည်ဆောက် ရေးလုပ်ငန်းများတွင် ဒေသခံ အလုပ်သမားများ အတွက် အလုပ်အကိုင်များ ဖန်တီးပေးရန် အဓိက ရည်ရွယ် ခြင်းဖြစ်သည်။ အစိုးရအဖွဲ့အစည်းများအနေ ဖြင့် အသုံးပြုရမည့် ရန်ပုံငွေများကို မှန်မှန်ကန်ကန် အသုံးပြုကြောင်း သေချာစေရန်အတွက် အစီအစဉ်က ရပ်ရွာလူထုအား လုပ်ငန်းတိုးတက်မှုကို စောင့်ကြည့် စစ်ဆေးရန် ဖိတ်ခေါ်ခဲ့သည်။ တစ်နှစ်အကြာတွင် အစီအစဉ် ပြီးဆုံးသည့်အခါ ဤစမ်းသပ်ဆောင်ရွက် မှုသည် အလားတူ အစီအစဉ်များစွာ အတွက် အခြေခံ ပုံစံ တစ်ရပ် ဖြစ်လာခဲ့ပါသည်။

အစိုးရ၏ စီမံကိန်းနှင့် ဖွံ့ဖြိုးရေးအေဂျင်စီ ဖြစ်သည့် အမျိုးသား စီးပွားရေးနှင့် ဖွံ့ဖြိုးရေး အာဏာပိုင် အဖွဲ့ (National Economic and Development Authority (NEDA)) က သမ္မတ၏ အစီအစဉ်ကို တာဝန်ယူကွပ်ကဲခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေး လမ်းမကြီးများဦးစီးဌာန (Department of Public Works and Highways) ဖြင့် နီးကပ်စွာ ဆောင်ရွက်ခဲ့သည်။ ၁၉၈၆ - ၈၇ တွင် အကွီနိအစိုးရ သည် CEDP အစီအစဉ်အတွက် ပီဆိုငွေ ၉၀၆၄ သန်း (US$ 178 million) ချထားပေးခဲ့သည်။ ရန်ပုံငွေ၏ ထက်ဝက် ကျော် ဖြစ်သည့် ပီဆို ၅၁၃၂ သန်း (US$ 101 million) ကို အခြေခံအဆောက်အဦး စီမံချက်များ အတွက် ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေး လမ်းမကြီးများ ဦးစီးဌာနသို့ တိုက်ရိုက်ပေးအပ်ခဲ့သည်။ ဒေသန္တရ လိုအပ်ချက် များကို သိရှိဆုံးဖြတ်နိုင်ရန် အတွက် ဦးစီးဌာနမှ တာဝန် ခံကိုယ်စားလှယ်များသည် barangays (ဖိလစ်ပိုင်နိုင်ငံ၏ အသေးငယ်ဆုံး အုပ်ချုပ်ရေး အဆင့်ကို ခေါ်ဆို ခြင်းဖြစ်သည်။ ကျေးရွာများနှင့် အလားတူဖြစ်သည်) အရာရှိများဖြင့် တိုင်ပင်ဆွေးနွေး ခဲ့ပါသည်။ ထို့နောက် အမျိုးသား စီမံကိန်း အာဏာပိုင် အဖွဲ့က ဒေသ၊ ခရိုင် နှင့် မြို့နယ် ဖွံ့ဖြိုးရေး ကောင်စီ များ၏ အကူအညီဖြင့် အကြံပြု တိုက်တွန်းချက်များထဲမှ အလေးပေးရွေးချယ် ခဲ့ပါ သည်။

အမျိုးသားစီမံကိန်းအာဏာပိုင်အဖွဲ့မှ ထိပ်တန်း အရာရှိများသည် CEDP အစီအစဉ်ကို ရေးဆွဲပြင်ဆင် ရာတွင် စီမံချက်များကို ကူညီစောင့်ကြပ်ကြည့်ရှုမည့် ရပ်ရွာလူထုအဖွဲ့များ (community groups) ဖွဲ့စည်း ခန့်ထား နိုင်ရန်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs) ကို ဆက်သွယ်ခဲ့သည်။ အာဏာပိုင်အဖွဲ့သည် National Citizens' Movement for Free Elections (NAMFREL) မှ စေတနာ့ဝန်ထမ်းများကို ခန့်ထား ရန် ဆက်သွယ်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် တည်ထောင်ခဲ့ သော ဘက်မလိုက်သည့် ရွေးကောက်ပွဲ စောင့်ကြည့် ရေး ကွန်ယက်တစ်ခု ဖြစ်သော NAMFREL သည် ဖိလစ်ပိုင် နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်နေသည့် အဖွဲ့တစ်ခုဖြစ်သည်။ ထိုအဖွဲ့သည် စေတနာ့ဝန်ထမ်း များကို စုစည်း၍ မဲစာရင်းသွင်းခြင်း၊ ရွေးကောက်ပွဲ အသိပညာပေးခြင်း၊ ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲ ရေး နှိုးဆော်တိုက်တွန်းခြင်း၊ မဲရုံစောင့်ကြည့်ခြင်းနှင့် မဲ ရေတွက်ခြင်း စသည်တို့ကို ဆောင်ရွက်နေသည့် အဖွဲ့ ဖြစ်သည်။ ၎င်း၏ ကျယ်ပြန့်လှသည့် ကွန်ယက်မှ တဆင့် CEDP စီမံချက်များအတွက် ဒေသအခြေစိုက် စေတနာ့ ဝန်ထမ်းများကို ရရှိနိုင်မည် ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံရှိ အခြားသော အဖွဲ့အစည်းများ စွာကဲ့သို့ပင် NAMFRELသည်လည်း ရိုမန်ကက်သလစ် အသင်းတော်ဖြင့် များစွာဆက်စပ် ပတ်သက် လျက်ရှိပါ သည်။ အထူးသဖြင့် ကျေးလက်ဒေသများ တွင် ဖြစ်ပြီး အသင်းတော်နယ်မြေတိုင်းတွင် NAMFREL အသင်း များ ရှိပါသည်။ ကွယ်လွန်ခဲ့ပြီးဖြစ်သည့် Bangued မြို့နယ် ဂိုဏ်းအုပ် ဘုန်းတော်ကြီး bishop Artemio Rillera (၁၉၄၃ - ၂၀၀၅) သည် အက်ဘရာမှ အသင်းတော် ဘုန်းတော်ကြီးများ၏ သဘာပတိ အဖြစ် ဆောင်ရွက်ခဲ့ပြီး အသင်းတော်အား ခရိုင်အတွက် လိုအပ်သည့် စေတနာ့ဝန်ထမ်း မြောက်များစွာကို စုစည်းပေးနိုင်ရန် ဆောင်ရွက်စေခဲ့သည်။ NAMFREL မှ စေတနာ့ဝန်ထမ်း တစ်ဦးဖြစ်ပြီး တာဝန်သိနိုင်ငံသား

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

များ အဖွဲ့တွင် ၁၉၈၆ မှ ၁၉၈၈ အထိ တွဲဖက်နာယက ဖြစ်သူ Carmelita Bersalona က "ကက်သလစ် အသင်းတော်ဟာ NAMFREL ရဲ့ ဖွဲ့စည်းပုံမှာ အလွန်အားကောင်းတဲ့ အင်အားစု တစ်ခု ဖြစ်ပါတယ်။ သက်ဆိုင်ရာ အသင်းတော် သာသနာနယ် တွေမှာ ရှိတဲ့ ဘုန်တော်ကြီးအများစုဟာ NAMFRELမှာ ပါဝင် ဆောင်ရွက်နေတာပါ" ဟု ဆိုသည်။

၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရုတ်တရက် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲအတွင်း NAMFREL သည် အက်ဘရာ၌ မဲရုံစောင့်ကြည့်သူများကို စုစည်းခဲ့သည်။ ထိုရွေးကောက်ပွဲသည် People Power Revolution ဟုခေါ်သည့် လူထုအုံကြွလှုပ်ရှားမှုကြီးကို ဖြစ်လာစေခဲ့ပြီး၊ ထိုစဉ်က အာဏာရှင်ဖြစ်သူ ဖာဒီနန် မားကို့စ်ကို ဖြုတ်ချ၍ အကွီနိုကို သမ္မတအဖြစ် တင်မြှောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင် NAMFREL မှ စေတနာ့ဝန်ထမ်းများသည် အဖွဲ့အစည်း ၏ ကွန်ယက်နှင့် ၎င်းတို့၏ နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင် မှုများကို အသုံးပြုပြီး ခရိုင်အတွင်းမှ ပြည်သူ များအား သမ္မတအသစ်၏ အစီအစဉ်တွင် အကျိုးခံစားနိုင်စေရန် အတွက် ပါဝင်ကူညီပေးနိုင်ကြောင်း နားလည် သဘော ပေါက်ခဲ့ကြသည်။

Sumangil က "၁၉၈၆ မှာ သမ္မတ ရွေးကောက် ပွဲ ပြီးဆုံးသွားတဲ့အခါမှာ၊ ကျွန်မတို့တွေဟာ လုပ် စရာတွေ အများကြီးရှိတယ်ဆိုတာ နားလည် သဘော ပေါက်တဲ့ အတွက် အလုပ်တွေ ရပ်လိုက်ဖို့ စိတ်မကူး ဘဲ ဆက်လုပ်ခဲ့ကြတယ်။ ကျွန်မတို့ရဲ့ အဖွဲ့ကို ကောင်းမွန်သော အစိုးရဖြစ်ရေးအတွက် အက်ဘရာမှ တာဝန်သိ နိုင်ငံသားများ (Concerned Citizens of Abra for Good Government) လို့ အမည် ပေးခဲ့တယ်။ ကောင်းမွန်တဲ့ အစိုးရဖြစ်ရေးက ငါတို့ရဲ့ ပင်မ အလုပ်ပဲလို့ ကျွန်မတို့တွေ ပြောခဲ့တယ်" ဟု ပြောပြသည်။

## စိန်ခေါ်မှု (THE CHALLENGE)

၁၉၈၆ ခုနှစ်၌ Concerned Citizens အဖွဲ့တွင် ဆရာ/ဆရာမများ၊ ပါမောက္ခ များ၊ ဘုန်းတော်ကြီးများ၊ အင်ဂျင်နီယာများနှင့် သတင်းထောက်များ စသည့် အမာခံ စေတနာ့ဝန်ထမ်း ၂၅ ဦး ခန့် ပါဝင်ခဲ့သည်။ အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ ရပ်ရွာစည်းရုံးလှုံ့ဆော် ရေး၊ ဆောက်လုပ်ရေးနှင့် သစ်တောဆိုင်ရာ ကိစ္စရပ် များတွင် အထူးကျွမ်းကျင်မှု ရှိကြသည်။ Sumangil က အဖွဲ့အစည်း၏ တွဲဖက် နာယကအဖြစ် ဦးဆောင်ခဲ့ပြီး အခြားတွဲဖက် နာယက တစ်ဦးမှာ Bersalona ဖြစ်သည်။ တည်ထောင်သူများတွင် Aniceta Baltar ၊ Eric Basa ၊ Irene Bringas ၊ Leticia Madriaga ၊ Merla Ruiz နှင့် Elizabeth Valera တို့လည်း ပါဝင်ကြသည်။[1]

အဖွဲ့၏ အလုပ်ကို အထောက်အကူဖြစ်စေရန် ဥက္ကဋ္ဌများဖြစ်ကြသည့် Sumangil နှင့် Bersalona တို့သည် ၎င်းတို့၏ နားလည်ကျွမ်းကျင်မှုနှင့် ဒေသ တွင်း၊ နိုင်ငံအတွင်းမှ အဆက်အသွယ်များကို အသုံးချ ခဲ့ကြသည်။ Sumangil သည် ဘန်ဂွေ့မြို့ (Bangued) ရှိ Divine Word College ၏ သုတေသနနှင့် ရပ်ရွာဖွံ့ဖြိုးရေး ဒါရိုက်တာ ဖြစ်ပြီး၊ Bersalona မှာ Manila ရှိ ဖိလစ်ပိုင် တက္ကသိုလ် မှ ပါမောက္ခ တစ်ဦး ဖြစ်ပြီး အက်ဘရာ ဇာတိပင် ဖြစ်သည်။ ၎င်းတို့နှစ်ဦး စလုံးမှာ မိမိတို့ခရိုင် တွင် လမ်းများနှင့် အခြားအခြေခံ အဆောက်အဦးများ ပိုမိုကောင်းမွန်ရန် လိုအပ်လျက်ရှိ ကြောင်းကို အထူးပင် နားလည်သိရှိထားကြသည်။

ဧရိယာအကျယ်အဝန်း ကီလိုမီတာ ၄၂၀၀ ရှိပြီး၊ လူဦးရေ ၁၈၀ ၀၀၀ ခန့် နေထိုင်သည့် အက်ဘရာ ခရိုင် သည် ဖိလစ်ပိုင်နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အရှိဆုံး ခရိုင် များအနက် တစ်ခု ဖြစ်ပါသည်။ အိမ်ထောင်စု ၅၆% (သို့မဟုတ် လူဦးရေ၏ ၆၀%) မှာ အစိုးရက သတ်မှတ်ထားသည့် ဆင်းရဲမွဲတေမှု မျဉ်းကြောင်း (poverty line) ဖြစ်သော တစ်နှစ်လျှင် ပီဆို ၁၀၂၈၀ (US$300)၏ အောက်တွင် ကျရောက်လျက်ရှိခဲ့ သည်။[2] ထူထပ်သည့် သစ်တောများ၊ ရွှေ၊ ငွေ၊ ကြေးနီ နှင့် ထုံးကျောက်များ စသဖြင့် သယံဇာတများ ကြွယ်ဝ သည့် ဒေသ ဖြစ်သော်လည်း ဒေသခံပြည်သူအများစု သည် ဆန်စပါး စိုက်ပျိုးခြင်းနှင့် ရာသီအလိုက် ဝါး

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

လုပ်ငန်း လုပ်ခြင်း တို့မှ ဝင်ငွေကို အဓိက ရှာဖွေ ရရှိကြသည်။

လယ်သမားများနှင့် အလုပ်သမားများ အတွက် ၎င်းတို့၏ ထုတ်ကုန်များကို ခရိုင်နှင့် ဒေသတွင်း ဈေးကွက်များသို့ သယ်ယူပို့ဆောင်ရန် လမ်းများ လိုအပ်နေခဲ့သည်။ အဝေးလံဆုံး ဒေသများတွင် နေထိုင်ကြသည့် ဒေသခံ ဌာနေတိုင်းရင်းသား လူမျိုးများအတွက် ဆေးရုံများ၊ ကျောင်းများသို့ သွားလာနိုင်မည့် လမ်းများ လိုအပ်နေခဲ့သည်။ နိုင်ငံ၊ ခရိုင်၊ မြို့နယ် နှင့် barangay (ရပ်/ကျေး) အဆင့် လမ်းများ ၂၅၀၀ ကီလိုမီတာနီးပါး ရှိသည့်တိုင် ကတ္တရာ၊ ကွန်ကရစ်စသဖြင့် လမ်းအမာ ခင်းထားနိုင် ခြင်း မရှိခဲ့ပါ။ အချို့သော ဒေသခံရပ်ရွာ လူထုများက သဘာဝပတ်ဝန်းကျင်နှင့် ငွေကြေး ကုန်ကျမှုများအရ ကျောက်စရစ် နှင့် မြေသားလမ်း များကို ပိုမိုလိုလားကြ သော်လည်း အက်ဘရာခရိုင် သည် တိုင်ဖွန်း မုန်တိုင်း ရာသီဖြစ်သည့် မေလမှ အောက်တိုဘာ အကြားတွင် တိုက်စားပျက်စီးမှုဒဏ်ကို ခံနိုင်ရည်ရှိသည့် ကတ္တရာ/ ကွန်ကရစ် လမ်းအမာများကို လိုအပ်နေခဲ့ပါသည်။ ခရိုင် အတွင်းမှ မြို့နယ် ၂၇ ခုအနက် ၁၁ ခု မှာ တောင်တန်း ဒေသများတွင် တည်ရှိပြီး မိုးရာသီ အတွင်း၌ ခရိုင်၏ မြို့တော်နှင့် စီးပွားရေးအချက်အချာ ဖြစ်သော ဘန်ဂွေ့ သို့ သွားလာနိုင်ခြင်း မရှိခဲ့ပါ။[3]

Divine Word College တွင် စာသင်ကြားပို့ချခဲ့သူဖြစ်ပြီး၊ Concerned Citizens ကို အတူတည်ထောင်ခဲ့သူ တစ်ဦးဖြစ်သည့် Madriaga က "လမ်းတွေက အခြေခံလိုအပ်ချက်ပဲလေ။ လမ်းကောင်းကောင်းမရှိဘဲနဲ့ တောင်ပေါ်ကနေ ထုတ်ကုန်ပစ္စည်းတွေကိုဘယ်လိုသယ်မလဲ။ဆရာ၊ဆရာမတွေ၊ ကလေးတွေ ကျောင်းကို ရောက်ဖို့ ရွှံ့တွေမြေတွေ ချောနေတဲ့ မြေလမ်းကနေ လမ်းလျှောက်သွားနေရတာ ဘယ်လောက် ဒုက္ခရောက်သလဲ စဉ်းစားကြည့်ပါ။ ဘန်ဂွေ့မှာပဲ ဆေးရုံရှိ တာကြောင့် လူတွေ နာမကျန်းဖြစ်ရင် ဘယ်လိုသွားလာမလဲ စဉ်းစားကြည့်ပါ။ ဒီလမ်းတွေရဲ့ အနေအထားနဲ့ဆိုရင် ဆေးရုံကိုမရောက်ခင် လမ်းမှာပဲ သေရလိမ့်မယ်။" စသဖြင့် လမ်းများ သည် နိုင်ငံသားများ၏ ကျန်းမာပျော်ရွှင်မှု အတွက် အရေးကြီးလှကြောင်း အလေးထားရှင်းပြသည်။

အစိုးရမှ ဖောက်လုပ်သော လမ်း နှင့် တံတား စီမံချက်များစွာမှာ ပြီးစီးခြင်းမရှိဘဲ အစီရင်ခံစာ စာရွက်အပေါ်တွင်သာ တည်ရှိနေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကန်ထရိုက်တာများနှင့် ဒေသန္တရအရာရှိများက အစိုးရရန်ပုံငွေများကို အလွဲသုံးစားပြုလုပ်ထားကြသောကြောင့်ဖြစ်သည်။ "ဒီနေရာမှာ လမ်းဖောက်ပြီးသွားပြီ ဆိုပြီး [တစ်ချို့အရာရှိတွေ နဲ့ သတင်းစာတွေကနေ] အစီရင်ခံတာကို ကြားရတတ်ပါတယ်။ တကယ်က အဲ့ဒီနေရာမှာ ဘာမှ မလုပ်ရသေးပါဘူး။" ပြည်သူ့ဆောက်လုပ်ရေးနှင့် လမ်းမကြီးများ ဦးစီးဌာနသည် ပုံမှန်အားဖြင့် လမ်းအသစ်များ ဖောက်လုပ်ခြင်းသို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်ခြင်းများကို ၂၅ နှစ်မှ တစ်ကြိမ် ပြုလုပ်လေ့ရှိပါသည်။ "လမ်းတစ်ခုကို ဖောက်ပြီးသွားပါပြီဆိုပြီး [တကယ်တော့ မပြီးပါ] အစီရင်ခံပြီးသွားရင်၊ နောက် ၂၅ နှစ် ကြာအောင် လူတွေခမျာ လမ်းကောင်းတွေ အပေါ်သွားလာ နေရမယ့်အစား နွေရာသီဆိုရင် ဖုန်ထူပြီး၊ မိုးရာသီဆိုရင် ရွှံ့ဗွက်တွေထနေတဲ့ လမ်းတွေအပါမှာ သွားလာနေရတာပါ။" ဟု သူက ပြောပြသည်။

အက်ဘရာမှ နိုင်ငံရေးသမား များစွာသည် အစိုးရကန်ထရိုက်စာချုပ်များကို လေလံဆွဲသည့် ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်များ ဖြစ်ကြသည်။ "ဒီနိုင်ငံရေးသမားတွေက အခြားဟန်ပြ ကန်ထရိုက်တာတွေကို သုံးထားတာပါ။ အစိုးရစီမံချက်တွေရဲ့ ကန်ထရိုက်တာ ဆိုသူ တွေကို ကြည့်လိုက်ရင် သူတို့ရဲ့ ဆွေမျိုးနီးစပ်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ် နေတာတွေ့ရပါလိမ့်မယ်။ ဆောက်လုပ်ရေး အတွက် အသုံးပြုမယ့် ကုန်မာပစ္စည်း ဆိုင် ပိုင်ရှင်တွေက အစပေါ့။ တကယ်လို့ ရှင်က ဆပ်ကန်ထရိုက် ယူထားပြီး ပစ္စည်းပစ္စယလိုလာရင် ဒီနိုင်ငံရေးသမားတွေရဲ့ ဆွေမျိုးနီးစပ် ကုန်မာပစ္စည်း ဆိုင်ကိုပဲ သွားဝယ်ရလိမ့်မယ်။ ဒါက လူတိုင်းလိုလို သိနေတဲ့ ကိစ္စပဲ။" ဟု Madriagaက အထူးကိုယ်ကျိုး စီးပွား အချိတ်အဆက်များ (network of special interests)

© 2014, Trustees of Princeton University

အကြောင်းကို စိတ်ပျက်လက်ပျက်ဖြင့် ဝေဖန်ပြောသည်။

အစိုးရဝန်ထမ်းအချို့ကလည်း နိုင်ငံရေးသမားများနှင့် ၎င်းတို့၏ ကန်ထရိုက်တာများတို့ဖြင့် ပူးပေါင်း၍ ရန်ပုံငွေများကို အလွဲသုံးစား ပြုလုပ်ကြသည်။ လမ်းစီမံချက်များ၌ အလွဲသုံးစားပြုလုပ်ခြင်းသည် ရန်ပုံငွေများ၏ ၂၀ မှ ၄၀ ရာခိုင်နှုန်း အထိ ဖြစ်နိုင်ပါသည်။ အကျင့်ပျက်ခြစားသည့် လွှတ်တော်အမတ်များ၊ မြို့ဝန်များ၊ barangay အုပ်ချုပ်ရေးမှူးများ သို့မဟုတ် လမ်းအင်ဂျင်နီယာများသည် အမြတ်အစွန်းများလှသည့် အစိုးရ ကန်ထရိုက်စာချုပ်များကို ရွေးချယ်ပေးအပ်ခြင်းအတွက် လာဘ်ပေးငွေများစွာကို အိတ်ထဲထည့်နိုင်ခဲ့ကြသည်။[4] စီမံချက်ကန်ထရိုက်စာချုပ်များကို ရရှိပြီးနောက် ကန်ထရိုက်တာများသည် ၎င်းတို့ ဖောက်လုပ်ရမည့် လမ်းအရှည်၊ အလုပ်သမားစရိတ်၊ ပစ္စည်းကရိယာများ ငှားရမ်းခြင်း နှင့် အခွန်အကောက်များစသဖြင့် စီမံကိန်း၏ သတ်မှတ်ချက်များမှ သွေဖည်၍ ၎င်းတို့ အမြတ်အစွန်းများများ ရရှိရေးအတွက်သာ ဦးတည် လုပ်ဆောင်လေ့ ရှိခဲ့ပါသည်။[5] စီမံချက်များ တစ်ဝက် တစ်ပြက်သာပြီးစီး သို့မဟုတ် စပင် မစတင်ရသေး သော်လည်း အထက်အရာရှိများနှင့် ဒေသခံနိုင်ငံရေးသမားများက လမ်းမကြီးများဆိုင်ရာ ခရိုင်ဌာနအရာရှိများအား ဇဟိုရုံးသို့ ဆောက်လုပ်ရေးစီမံချက်များ ပြီးစီးကြောင်း ဖိအားပေး အစီရင်ခံစေခဲ့သည်။

လက်ရှိအနေအထားကို ပျက်ပြားရန်ကြိုးပမ်းသည့် မည်သူမဆို ဘေးကင်းလုံခြုံရေးမှာ အလွန်စိုးရိမ်ရသည့် စိန်ခေါ်မှု တစ်ခု ဖြစ်ခဲ့သည်။ အက်ဘရာ၏ နိုင်ငံရေးဆက်စပ် အကြမ်းဖက်မှု နှင့် နိုင်ငံသားများအပေါ် ခြိမ်းခြောက်မှု စသည့် သမိုင်းကြောင်းများအရ Concerned Citizens အဖွဲ့အတွက် ဘေးအန္တရာယ်ကျရောက်နိုင်သည့် အလားအလာများစွာ ရှိနေခဲ့ပါသည်။ ၁၉၂၀ ခုနှစ်များကတည်းက အက်ဘရာတွင် အမျိုးအနွယ်အုပ်စုနှစ်ခုက နိုင်ငံရေးရာထူးနေရာများကို ထိန်းချုပ်နိုင်ရေးအတွက် ယှဉ်ပြိုင်လာခဲ့ကြပြီး၊[6] ၁၉၆၀ ခုနှစ်များတွင် အခြားအုပ်စုများစွာကလည်း ဤယှဉ်ပြိုင်မှုအတွင်း ပါဝင်လာခဲ့သည်။ ပထမဦးဆုံးမှတ်တမ်းတင်နိုင်သည့် ရွေးကောက်ပွဲဆက်စပ် အကြမ်းဖက်မှုမှာ ၁၉၆၅ တွင်ဖြစ်ပြီး အက်ဘရာ အလယ်ပိုင်းမြို့တစ်မြို့၏ ဒုတိယမြို့တော်ဝန် လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။[7]

ဘန်ငွေ့ မြို့တော် ရှိမန်ကက်သလစ် ဂိုဏ်းအုပ်ဘုန်းတော်ကြီး Leopoldo Jaucian က "အက်ဘရာရဲ့ နိုင်ငံရေးက မျိုးဆက်အလိုက် အမွေဆက်ခံလာခဲ့ကြတာဖြစ်တယ်။ မိဘတွေက နိုင်ငံရေးသမားတွေဖြစ်ရင် သားသမီးတွေကလည်း နိုင်ငံရေးမှာ ပါဝင်လာကြတယ်။ ဒါက မိသားစု အရေးကိစ္စတစ်ခု ဖြစ်လာတယ်။ ဒ့ါအပြင် နိုင်ငံရေးသမားတွေ အားလုံးဟာ မိသားစု လေး၊ ငါးခုလောက်ထဲမှာ တော်စပ် ပါဝင်နေပြီး၊ အားလုံးဟာ သွေးအရ၊ လက်ထိမ်းမြားမှုအရ အပြန်အလှန် ဆက်နွယ်မှု ရှိနေကြပါတယ်။ အဲဒီတော့ ဒီမှာရှိတဲ့ နိုင်ငံရေးဆိုတာက မိသားစုချင်း ပြိုင်ဆိုင်နေကြတဲ့ဟာပဲ" ဟု ဆိုသည်။ မနီလာမြို့ရှိ Ateneo School of Government ၏ နိုင်ငံရေး ဒီမိုကရေစီနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်က ထုတ်ပြန်သည့် အစီရင်ခံစာ တစ်စောင်အရ အက်ဘရာခရိုင်မှ အဓိက နိုင်ငံရေးမိသားစုများတွင် လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် အုပ်စု ၁၀ ဖွဲ့ ရှိကြောင်းသိရပြီး[8] ရွေးကောက်ပွဲကာလများတွင် မကြာခဏဆိုသလို ပြိုင်ဘက်များအချင်းချင်းအကြား အကြမ်းဖက်မှုနည်းလမ်းကို သုံးခြင်းနှင့် ခြိမ်းခြောက်မှုဖြင့် အာဏာဆက်ထိန်းခြင်းများ ဖြစ်ပေါ်နေခဲ့သည်။

ထိုမိသားစုများသည် သေနတ်ဝယ်ရန်၊ လူဆိုးလူမိုက်များငှားရန်နှင့် မဲဝယ်ရန် အတွက် အစိုးရစီမံကိန်းများမှ ရန်ပုံငွေများ အသုံးပြုခဲ့ကြသည်။ တပ်မတော် ဗိုလ်ချုပ်ကြီးဟောင်း တစ်ဦးဖြစ်သည့် Edgar Gurrea က "နိုင်ငံရေးသမားတွေအနေနဲ့ ဘယ်ရွေးကောက်အတွက်မဆို ဘဏ္ဍာအရင်းအမြစ်အကြီးမားဆုံး စုဆောင်းလို့ရတာက လူမှုဝန်ဆောင်မှုစီမံချက်တွေပဲလေ။ လယ်ယာကနေ ဈေးကိုလမ်းဖောက် တာမျိုး နဲ့ ဒေသခံရပ်ရွာလူထုအတွက် အကျိုး သက်ရောက်မှုရှိမယ့် အခြား စီမံချက်တွေပေါ့။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ဒီလူတွေက စီမံချက်ရန်ပုံငွေ ၄၀% လောက်ကိုပဲ အသုံးပြုပြီး၊ ကျန်တာကို ဖြောင် ပစ်လိုက်တာပါပဲ” ဟု ပြောသည်။

Ateneo School မှ အစိုးရ၏ ဝန်ဆောင်မှု ပေးခြင်းဆိုင်ရာ စွမ်းဆောင်မှုကို အကဲဖြတ်ဆန်းစစ်သည့် သုတေသန အစီအစဉ်၏ ဒါရိုက်တာဖြစ်သူ Joy Aceron က “အက်ဘရာက လူတွေ ပြောလေ့ရှိတဲ့ စကားတစ်ခုရှိတယ်။ ငွေရနိုင်တဲ့ ကိစ္စ နှစ်ခုရှိ တယ်တဲ့။ တစ်ခုက နိုင်ငံရေး၊ ဘာလို့လဲဆိုတော့ ရှင့်အနေနဲ့ ရွေးကောက်ပွဲ ဝင်ပြိုင်တာ ဒါမှမဟုတ် နိုင်ငံရေးသမားတွေအတွက် ဝန်ဆောင်မှု ပေးတာလုပ်လို့ရတယ်၊ နောက်တစ်ခုကတော့ အသုဘအိမ် (funeral hourse) ဖွင့်ဖို့တဲ့။ အက်ဘရာက နိုင်ငံရေး သမားတွေဟာ သူတို့ ကိုယ်သူတို့ လက်နက်သုံးပြီး ကာကွယ်ဖို့တော့ ဘယ်တော့မှ လက်မနှေးဘူးရှင့်။” ဟု ပြောပြပါ သည်။

ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်ခြင်းအန္တရာယ်များကြောင့် နိုင်ငံသားများသည် အကျင့်ပျက်ခြစားမှုကို ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့နေခဲ့ကြပါသည်။ Sumangil က “အစိုးရထဲက လူတစ်ချို့ကို ရှင်သွားမေးခွန်းထုတ်ရင် နောက်နေ့မှာ ရှင့်ကို လမ်းဘေးမှာ သေနေတာကို တွေ့ရလိမ့်မယ်။ ဒါက လူတွေကို အရမ်းကို ကြောက်ရွံ့တုန်လှုပ်စေပါတယ်။ ဒါကြောင့်လည်း လူတွေက ခပ်ဆိတ်ဆိတ်ပဲ နေကြတာပေါ့” ဟု ပြောသည်။

ထို့အပြင် ဒေသခံများစွာမှာ ၎င်းတို့ကို အလုပ်အကိုင်ရရှိအောင် နိုင်ငံရေးသမားများက ကူညီပေးခဲ့ဖူးသည့် ကျေးဇူးကလည်း ရှိနေပါသည်။ “နိုင်ငံရေးသမားတွေအပေါ်မှာ ကျေးဇူးအကြွေးတင်တဲ့ အစဉ်အလာကလည်းရှိနေတယ်။ ‘ရှင်က ကျွန်မကို အလုပ်ပေးထားတဲ့အခါ ရှင့်ကျေးဇူး ကျွန်မအပေါ်မှာ ရှိသွားပြီ၊ ကျွန်မတစ်ခုခုလုပ်မယ်ဆိုတဲ့အခါ ဟုတ်၊မဟုတ် ရှင့်ဆီက ခွင့်ပြုချက် တောင်းရတော့မယ်လေ’။ အဲ့ဒီတော့ ဒါက ဆင်းရဲသားတွေအတွက် ဆင်းရဲခြင်းနဲ့ ခုခံနိုင်စွမ်းမရှိခြင်းဆိုတဲ့ သံသရာလည်နေတော့တာပဲ။ ထုတ်ဖော် ပြောဆိုဖို့၊ ဝေဖန်ဖို့ ယုံကြည်မှု ရှိတော့မှာ မဟုတ်ဘူး။” ဟု Madriaga က သုံးသပ်ပြသည်။

လက်နက်ကိုင်ပုန်ကန်မှု သမိုင်းကြောင်းကလည်း ဤအခြေအနေကိုပို၍ ရှုပ်ထွေးစေပါသည်။ ၁၉၇၀ နှင့် ၁၉၈၀ ခုနှစ်များတွင် အက်ဘရာခရိုင်သည် ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် ပြည်သူ့တပ်မတော်သစ် (NPA) နှင့် ဖိလစ်ပိုင်တပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ရာတွင် ကြားညှပ်ခံခဲ့ရသည်။ Cordillera တိုင်းဒေသကြီးဟု စုပေါင်း ခေါ်ဝေါ်သည့် အက်ဘရာနှင့် မြောက်ပိုင်းမှ အခြား ခရိုင်ငါးခုတွင် သူပုန်အဖွဲ့များက ဒေသခံဌာနေ တိုင်းရင်းသား အုပ်စုများဖြင့် ပူးပေါင်း၍ တိုင်းရင်းသားတို့ဘိုးစဉ်၊ ဘောင်ဆက် အသုံးပြုခဲ့သည့် မြေယာများကို ရေလွှမ်းမိုးမှု အန္တရာယ်ဖြင့် ခြိမ်းခြောက်နေသော ဆည် တည်ဆောက်မည့် အစီအစဉ်နှင့် ထင်းရှူးသစ်တောများကို ပြုန်းတီးစေသည့် စာရွက်နှင့် စက္ကူစက်ရုံ တို့ကို ဆန့်ကျင်ကန့်ကွက် ခဲ့ကြသည်။

ဤသို့သော အခက်အခဲအဟန့်အတားများ ရှိသည့်တိုင် အက်ဘရာခရိုင်သည် စေတနာ့ဝန်ထမ်း ဆောင်ရွက်လိုစိတ်ရှိသည့် သမိုင်းကြောင်းရှိခဲ့ပါသည်။ ၁၉၇၀ ခုနှစ်များတွင် အက်ဘရာ လူငယ် အစည်းအရုံးမှ အဖွဲ့ဝင်များသည် အမျိုးသားရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံသား လက်ရုံးများ အဖြစ် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့ကြသည်။ ဒေသတွင်း၌ လှုံ့ဆော် စည်းရုံးရေးသမားများအဖြစ် သိကြသော အစည်းအရုံး၏ လူငယ်ခေါင်းဆောင်များနှင့် ညှိနှိုင်းရေးမှူးများကို မြို့နယ် တစ်ခုစီတွင် တာဝန်ချထားပေးခဲ့သည်။ လူငယ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူး သည့် Bersalona က “ကျွန်မတို့မှာ သယံဇာတတွေ ပေါ်များရဲ့သားနဲ့ တိုးတက်သင့်သလောက် တိုးတက်မှု မရှိတာက လူတွေရဲ့ စိတ်ပါဝင်စားမှု မရှိတာကြောင့်ပဲ” ဟု ပြောသည်။ လူငယ်အစည်းအရုံးအဖွဲ့အဝင်များ သည် NAMFREL အဖွဲ့ဝင်များဖြစ်လာကြပြီး၊ နောက် ပိုင်းတွင် Concerned Citizens ၏ စေတနာ့ဝန်ထမ်း များဖြစ်လာခဲ့ကြသည်။

## တုံ့ပြန်မှုတစ်ခုကို မူဘောင်သွင်းခြင်း (FRAMING A RESPONSE)

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

Concerned Citizens ၏ တည်ထောင်သူ အဖွဲ့ဝင်များသည် အစိုးရကို တာဝန်ခံမှုရှိစေရန်နှင့် ခရိုင်အတွင်း ဝန်ဆောင်မှုများ တိုးတက်လာစေရေး အတွက် နည်းလမ်းများကို စဉ်းစားခဲ့ကြသည်။ တည်ထောင်သူတစ်ဦးဖြစ်သူ Barlar က "ကျွန်မတို့ အဖွဲ့ကို ကောင်းမွန်သောအစိုးရဖြစ်ရေးအတွက် အက်ဘရာမှ တာဝန်သိ နိုင်ငံသားများ ဆိုပြီး နာမည်ပေးခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က ပွင့်လင်းမြင်သာပြီး၊ တာဝန်ခံမှုရှိတဲ့၊ ပူးပေါင်းဆောင်ရွက်လို့ရတဲ့ အစိုးရတစ်ရပ်ကို ပါဝင်ကူညီပေးချင်လို့ပါ။ အဲဒီအချိန်တုန်းကတော့ ဒါက ကြားရလေ့မရှိတဲ့ အယူအဆတစ်ခုပါပဲ။" ဟု ဆိုသည်။ "အစိုးရကို ကျွန်မတို့ စိန်ခေါ်ကြည့်ချင်ခဲ့တယ်။ ပြည်သူ့ရေးရာဝန်ဆောင်မှုတွေကို မှန်မှန်ကန်ကန်၊ ကောင်းကောင်းမွန်မွန် ပေးနေရဲ့လား၊ ပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တကယ်ဖြစ်ရဲ့လား ဆိုပြီး သေချာအောင်ပေါ့။" ဟု သူက ဖြည့်စွက်ပြောသည်။

မေးစရာရှိလာခဲ့သည်မှာ ၎င်းတို့အနေဖြင့် စွမ်းဆောင်ရည် (capacity) ကို မည်သို့ တည်ဆောက်မည်နည်းဟူသည့် မေးခွန်းပင်။ အဖွဲ့ဝင်များအနေဖြင့် တိုက်တွန်းအားပေးမှုနှင့် အကူအညီကို နီးနီးကပ်ကပ်ပင် ရရှိခဲ့ပါသည်။ Concerned Citizens အဖွဲ့၏ အဖွဲ့အစည်း အစီအစဉ်ရေးဆွဲမှုနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံရေးယဉ်ကျေးမှု အစဉ်အလာ၌ အခိုင်အမာ ရပ်တည်ထားပြီးဖြစ်သည့် ရိုမန်ကက်သလစ် အသင်းတော်၏ အခြေခံအုတ်မြစ်များပေါ်တွင် တည်ဆောက်ခြင်းဖြင့် အသင်းတော် သည် (အများအားဖြင့် တရားဝင်ပါဝင်ခြင်း မဟုတ်သော်လည်း) အဖွဲ့အတွက် အလွန် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ နိုင်ငံ၏ အခြားဒေသများကဲ့သို့ပင် အက်ဘရာဒေသရှိ နိုင်ငံသား ၈၀% မှာ ရိုမန်ကက်သလစ် ဘာသာဝင်များဖြစ်ကြပြီး၊ [9] ကျန်နိုင်ငံသားများမှာ အခြားသော ခရစ်ယာန် ဘာသာဝင်များနှင့် ရိုးရာ ယုံကြည်မှု ကိုးကွယ်သူများဖြစ်ကြသည်။ ခရိုင်အတွင်း အသင်းတော် သသနာနယ် ၂၂ ခု ရှိပြီး၊ ဝေးလံခေါင်သီသည့် မြို့နယ်များ၌ပါမကျန် အက်ဘရာဒေသနေ ပြည်သူများကို အချိန်မရွေး ကူညီဆောင်ရွက်ပေးနိုင်သည့် ဘုန်းတော်ကြီးများ၊ စေတနာ့ဝန်ထမ်းများ အုပ်စုလိုက် အမြဲအသင့်ရှိပါသည်။ အသင်းတော်သည် ကျောင်းများ၊ ဆေးရုံများနှင့် အသေးစားလုပ်ငန်းများအတွက် သမဝါယမအသင်းများ အပါအဝင် အလုပ်အကိုင် အစီအစဉ်များကို ရန်ပုံငွေပံ့ပိုးခြင်း၊ ကိုယ်တိုင်ဆောင် ရွက်ခြင်းများ လုပ်ဆောင်သည့်အပြင် ရေဒီယို အသံ လွှင့်ဌာနတစ်ခု နှင့် *Abra Today* အပတ်စဉ် သတင်းစာ တို့ကိုလည်း ပိုင်ဆိုင်ပါသည်။

အစိုးရမှ ဆောင်ရွက်မှု မရှိသည့် ကိစ္စများကို အသင်းတော်က ဝင်ရောက်ဆောင်ရွက်ခဲ့ရသည်။ "အစိုးရကသာ လိုအပ်တာတွေကို တုံ့ပြန်ဆောင်ရွက်မယ်ဆိုရင် အသင်းတော်က ဒါတွေကို လိုက်လုပ်နေခဲ့စရာမလိုပါဘူး။ နိုင်ငံအတွက် နစ်နာတာတွေ မဖြစ်ဘူးဆိုရင် အသင်းတော်က ဝင်ပါနေစရာ အကြောင်းမရှိပါဘူး။" ဟု Sumangil က ပြောသည်။ ထို့အပြင် အသင်းတော်သည် နိုင်ငံရေး အင်အားစုများအကြား ဘက်မလိုက်သည့် ကြားခံဆောင်ရွက်ပေးရသူလည်း ဖြစ်ပါ သည်။[10]

Concerned Citizens ၏ အမာခံ အဖွဲ့ဝင်များစွာမှာ အသင်းတော် ဂိုဏ်းအုပ် ဘုန်းတော်ကြီး၏ သာသနာ့နယ်အတွင်းမှ ပရဟိတလုပ်ငန်းများဆောင်ရွက်သည့် လူမှုရေးစင်တာများတွင် အလုပ်အဖြစ်သို့မဟုတ် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ကြဖူးသူများဖြစ်သည်။ ဥပမာအားဖြင့် Sumangil သည် ဂိုဏ်းအုပ် သာသနာ့နယ်အတွက် ၁၉၇၀ ခုနှစ်မှစ၍ လုပ်ကိုင်ပေးခဲ့သူဖြစ်သည်။ ဤသို့ လုပ်ကိုင်နေရင်း နှုတ်ကပတ်တော် ကောလိပ် (Divine Word College) မှ ပညာရေးဘွဲ့တစ်ခုကို ရရှိခဲ့ ခြင်းဖြစ်သည်။ ထို့နောက် အဆိုပါ ကောလိပ်တွင် ပြန်လည် သင်ကြားပို့ချပေးပြီး၊ အဆောင်မှူးအဖြစ်လည်း တာဝန်ယူ စီမံခန့်ခွဲခဲ့သည်။ အခြားအဖွဲ့ဝင်များသည်လည်း ရိုမန်ကက်သလစ် အသင်းသားများဆိုင်ရာ အဖွဲ့အစည်း တစ်ခု ဖြစ်သည့် နှုတ်ကပတ်တော်အဖွဲ့အစည်း (Soceity of Divine Word) နှင့် ဆက်စပ်ပတ်သက်မှု ရှိကြပါသည်။ ယင်းနှုတ်ကပတ်တော် အဖွဲ့အစည်း

© 2014, Trustees of Princeton University

သည် ဘန်ဂွေ့မြို့ရှိ Divine Word College ကိုဖွင့်လှစ်သည့် အဖွဲ့အစည်းဖြစ်ပြီး အခြား နယ်ပယ်များစွာတွင်လည်း အရေးကြီးသည့် အခန်း ကဏ္ဍ တွင် ပါဝင်ပါသည်။

ဘာသာတရားသည် စေတနာ့ဝန်ထမ်းများစွာ အတွက် အရေးကြီးလှသည့် စေ့ဆော်မှုတွန်းအား တစ်ခု လည်း ဖြစ်ပါသည်။ Madriaga က "စေတနာ့ဝန်ထမ်းအများစုက ကောလိပ်၊ အသင်းတော် နဲ့ ဘုန်းတော်ကြီးတွေဆီကနေရောက်လာတဲ့ သူတွေပါ။ ဒီလူတွေက အစိုးရကို နိုင်ငံရေးနည်းလမ်း နဲ့ မတိုက်ခိုက်လိုတဲ့အတွက် ကျွန်မတို့ဆီ လာရောက်ပူးပေါင်း ပါဝင်ကြတာဖြစ်ပါတယ်။ Concerned Citizens အဖွဲ့မှာ ဘုံအခြေခံတူညီချက် တစ်ခု ရှိတယ်ဆိုတာ တွေ့ရတယ်။ အဲ့ဒါကတော့ ကာလကြာရှည် ရှိနေခဲ့ပြီးဖြစ်တဲ့ အစိုးရ အင်စတီကျူးတွေကို ပြောင်းလဲလို့မရတဲ့အခါမှာ ဒါက အပြောင်းအလဲဖြစ်စေဖို့ အခြားသော နည်းလမ်းတစ်ခု ဆိုတာပါပဲ။ လူထုအဖွဲ့အစည်းတစ်ခုအနေနဲ့ ဆိုရင် လုပ်နိုင်စွမ်း ရှိမယ် ဆိုပြီး ကျွန်မတို့ တွေးခဲ့တယ်" ဟု ပြောပြပါသည်။

NAMFREL ဗဟိုရုံး၏ အကြံပြု တိုက်တွန်းချက်များအပေါ် ယုံကြည်အားထား၍ အမျိုးသား ဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (NEDA) က Concerned Citizens အဖွဲ့ကို ဖိတ်ဖက်အဖွဲ့အစည်း အဖြစ် အသိအမှတ်ပြု လက်ခံပေးခဲ့သည်။ ၁၉၈၇၊ ဇန်နဝါရီတွင် NEDA ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Solita Collas-Monsod နှင့် ဘတ်ဂျက်နှင့် စီမံခန့်ခွဲမှု ဦးစီးဌာန (Department of Budget and Management) မှ အခြားအရာရှိများသည် ခရိုင်အတွင်းမှ ဖွံ့ဖြိုးရေး အစီအစဉ်များကို စောင့်ကြည့်စစ်ဆေးရန် Concerned Citizens အဖွဲ့ဖြင့် သဘောတူညီချက်တစ်ရပ်ကို ရေးထိုးခဲ့ပါသည်။

ထို့နောက် Concerned Citizens အဖွဲ့ဝင်များသည် စုစည်းပြင်ဆင်ခြင်း (organization) နှင့် စည်းရုံးလှုံ့ဆော်ခြင်း (mobilization) ၊ လုပ်ငန်းအစီအစဉ်များ (programs) ၊ လုပ်ငန်းထောက်ပံ့ပို့ဆောင်ရေး (logistics) ၊ ပညာပေးခြင်း (education) ၊ သုတေသန နှင့် မှတ်တမ်းတင်ခြင်း (research and documentation) ၊ ဥပဒေရေးရာ (legal) နှင့် မီဒီယာ (media) ဟူသည့် လုပ်ငန်းရပ်များကို တာဝန်ယူဆောင်ရွက်နိုင်ရန် ကော်မတီများ အသီးသီး ဖွဲ့စည်းခဲ့သည်။ ကော်မတီတစ်ခုစီတွင် အဖွဲ့ဝင် သုံးဦးမှ ငါးဦးပါဝင်ပါ သည်။ နာယကနစ်ဦး၊ ဘဏ္ဍာထိန်း၊ စာရင်းစစ်နှင့် အတွင်းရေးမှူးတို့ဖြင့် အဖွဲ့၏ နဂိုဖွဲ့စည်းပုံ ပြည့်စုံအောင် ဖြည့်စွက်ခန့်ထားခဲ့သည်။ အဖွဲ့ဝင်များက အင်ဂျင်နီယာတစ်ဦးအဖြစ် လုပ်ကိုင်သူ Bringas ကို အဖွဲ့၏စောင့်ကြည့်စစ်ရေးရေး လှုပ်ရှားဆောင်ရွက်များအား ဦးဆောင်စေရန် ဆုံးဖြတ်ခဲ့သည်။ Basa က စေတနာ့ ဝန်ထမ်းများ စုစည်း၊ စည်းရုံးရေးအတွက် တာဝန်ခံ အဖြစ်၊ Baltar က သင်တန်းပေးခြင်းကို စီမံခန့်ခွဲသူ အဖြစ် အသီးသီး တာဝန်ယူခဲ့သည်။

အဖွဲ့၏ ကနဦးတာဝန်တွင် CEDP စီမံချက်များ၊အက်ဘာရာမှပြုသနာအခက်အခဲ၏ အနေအထား နှင့် အဖွဲ့၏အစီအစဉ်များ အကြောင်းကို သတင်းဖြန့်ဝေခြင်း ပင်ဖြစ်သည်။ Concerned Citizen အဖွဲ့သည် အစိုးရ၏ အစီအစဉ်နှင့် ပတ်သက်ပြီး အကောင်အထည်ဖော်မည့် စီမံချက်အရေအတွက်၊ အက်ဘာရာသို့ ဝင်ရောက်လာမည့် ရန်ပုံငွေပမာဏ စသည့် သတင်းအချက်အလက်များကို ဖြန့်ဖြူးပေးခဲ့သည်။ "NEDA နဲ့ ဘတ်ဂျက်၊ စီမံခန့်ခွဲမှု ဦးစီးဌာနတွေနဲ့ ကျွန်မတို့ သဘောတူညီချက် ရေးထိုးပြီးတဲ့ အခါမှာ ဆောင်ရွက်မယ့် စီမံချက်တွေရဲ့ အသေးစိတ် အချက်အလက်တွေကို ပုံနှိပ်မီဒီယာနဲ့ ရေဒီယိုကနေ ဖြန့်ဝေခဲ့တယ်။ စီမံကိန်းတွေရဲ့ ရန်ပုံငွေ ပမာဏ ကိုလည်း အနှစ်ချုပ်ပြီး ဖော်ပြပေးခဲ့တယ်။ အက်ဘာရာက လူတွေက ဒီ ၁၉၈၆-၈၇ မှာ ဒီလောက်များတဲ့ ငွေပမာဏ ကို အက်ဘာရာ အတွက် သုံးမယ် ဆိုတာသိရတော့ သိပ်ကို အံ့သြနေကြတယ်လေ။ သူတို့က ' ကြည့်စမ်း အရင်တုန်းကကော ငွေတွေ ဘယ်လောက်များ ဝင်ခဲ့တာလဲ၊ ငါတို့ပြည်သူတွေကနပ်ချ ခံနေရတာပဲ။ အစိုးရထဲ လူတွေဟာ သူတို့ကိုယ်ကျိုးအတွက် ငါတို့ကို အမြဲလစ်လျူရှုထားတာပဲ' ဆိုပြီး ပြောကြတယ်။ ဒါက

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

လူအများစုအတွက်တော့ ရှာဖွေတွေ့ရှိချက်ကြီး တစ်ခုပေါ့" ဟူ၍ Sumangil က ပြန်လည်ပြောပြသည်။

Concerned Citizens ၏ အမာခံအဖွဲ့ဝင်များသည် အက်ဘာရာ၏ စိန်ခေါ်မှု မြင့်မားသည့် နိုင်ငံရေးရေစီးကြောင်းအတွင်း ထိန်းကြောင်း မောင်းနှင်နိုင်ရန် အခြေခံစည်းမျဉ်းများကို သတ်မှတ်ထားခဲ့ကြပါသည်။

စည်းလုံးညီညွတ်မှုကအောင်မြင်ရေးအတွက် အရေးအကြီးဆုံးသော လိုအပ်ချက် ဖြစ်ပါသည်။ အဖွဲ့ဝင်များသည် ပုံမှန်တွေ့ဆုံပြီး လှုပ်ရှားဆောင်ရွက်မှုများ၊ တိုးတက်မှုအခြေအနေ၊ အခက်အခဲပြဿနာများနှင့် ပတ်သက်ပြီး နောက်ဆုံးအခြေအနေများကို မျှဝေ အသိပေးရန် ဆုံးဖြတ်ခဲ့ကြပြီး၊ အားလုံးပါဝင်သဘောတူညီမှုဖြင့်သာ ဆုံးဖြတ်ချက်များကို ချမှတ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ Sumangil က "အဖွဲ့ဝင် အသီးသီးဆီမှာ ရှုမြင်သုံးသပ်မှု အမျိုးမျိုးရှိနေတာက ကျွန်မတို့ရဲ့ အားသာချက်ပဲ။ များသောအားဖြင့် ခိုင်မာတည်တံ့ပြီး၊ ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ခဲ့ပါတယ်။" ဟုဆိုသည်။ အဖွဲ့ဝင်များသည် အဖွဲ့အတွင်း တိုင်ပင်ဆွေးနွေးဆုံးဖြတ်ချက်များကို အဖွဲ့၏ အတွင်းရေးအဖြစ် လျှို့ဝှက်ထားရန် သဘော တူခဲ့ကြသည်။ Sumangil က "တကယ်လို့ တစ်ချို့ အကြောင်းတွေအပေါ်မှာ တစ်ဦးနဲ့ တစ်ဦး သဘောထားချင်းမတိုက်ဆိုင်တာတွေ ဖြစ်ခဲ့ရင်တောင်မှ နိုင်ငံရေးသမားတွေကို သွားပြောပြတာမျိုးတော့ လုံးဝ မလုပ်ပါဘူး။ သူတို့တတွေက အဲဒါကို သုံးပြီး ကျွန်မတို့ အဖွဲ့ပျက်ရာပျက်ကြောင်း လုပ်ကြလိမ့်မယ်လေ။ ကျွန်မတို့တတွေ သဘောထားကျဉ်းမြောင်းမယ်ဆိုရင်၊ အဖွဲ့အတွင်းက နားလည်မှုလွဲတဲ့ကိစ္စတွေကို ကျွန်မတို့ကို သိပ်မုန်းတဲ့ နိုင်ငံရေးသမားတွေဆီ သွားအသိပေး လိုက်မယ် ဆိုရင်၊ ကျွန်မတို့ အဖွဲ့အစည်းကို ဖြိုခွဲဖို့ အခွင့်အရေးရသွားမှာပေါ့" ဟု ပြောသည်။

အများယုံကြည်လက်ခံမှုရရှိရေး သည်လည်း အဖွဲ့အတွက် အလွန် အရေးကြီးသော အခြား ကိစ္စ တစ်ခု ဖြစ်သည်။ အမှီအခိုကင်းစေရေးနှင့် ပရော်ဖက်ရှင်နယ်ကျစွာ ဆောင်ရွက်သည့် ဂုဏ်သိက္ခာ တစ်ခုကို ရရှိရန် အတွက် အဖွဲ့၏ စောင့်ကြည့်သူများသည် ၎င်းတို့၏ ပေးရသည့် အချိန်အတွက် အခကြေးငွေ ရယူခဲ့ခြင်းမရှိသည့်အပြင် စီမံချက်လုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုရာတွင် ကန်ထရိုက်တာများထံမှ အစားအသောက် အပါအဝင် မည်သည့် အရာမှ လက်ခံရယူခြင်း မပြုခဲ့ပါ။ သွားလာ၊ စားသောက်စရိတ်များကို ကျခံနိုင်ရန်အတွက် အဖွဲ့အစည်းသည် ရန်ပုံငွေမြှင့်တင်ရေးများကို ဆောင်ရွက်ခဲ့ပြီး၊ ထောက်ခံပံ့ပိုးသူများနှင့် အသင်းတော်ထံမှ အလှူငွေများ လက်ခံခဲ့သည်။

CEDP အစီအစဉ်၏ လမ်းညွှန်ချက်များအောက်တွင် အမျိုးသားဖွံ့ဖြိုးရေးအေဂျင်စီသည် မိတ်ဖက် NGO အဖွဲ့အစည်းများကို သင်တန်းများ၊ ဒေသန္တရ စီမံချက် စာရင်းများနှင့် တည်နေရာများ၊ အကောင်အထည်ဖော်မည့် အေဂျင်စီများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ ပံ့ပိုးပေး ခဲ့သည်။ ထို့အပြင် ဘတ်ဂျက်နှင့် စီမံခန့်ခွဲမှုဦးစီးဌာနကလည်း စီမံချက်များ၏ ကုန်ကျစရိတ် ကြေညာချက်များနှင့် ရန်ပုံငွေ လွှဲအပ်မည့် အချိန်ဇယားအစီအစဉ်များကို ပံ့ပိုးပေးခဲ့သည်။ NGO များသည် စီမံချက်များ၏ တိုးတက်မှု အနေအထားကို မှတ်တမ်းတင်ပြီး NEDA နှင့် အကောင်အထည်ဖော်သည့် အေဂျင်စီများသို့ ပုံမှန် အစီရင်ခံတင်ပြပေးရန် တာဝန်ရှိပါသည်။ NGO များမှ စောင့်ကြည့်သူများအနေဖြင့် စီမံချက်ဆိုက် တစ်ခု တွင် ဒေသခံပြည်သူများကို အလုပ်ခန့်အပ်မှု အရေအတွက်၊ အလုပ်လုပ်ရက် အရေအတွက် နှင့် ရရှိသည့် ဝင်ငွေပမာဏ တို့ကိုလည်း မှတ်တမ်းတင်ရန် တာဝန် ရှိပါသည်။

NGO များ၏ အစီရင်ခံစာများ၌ စီမံချက်များအတွင်း နည်းလမ်း တကျမဖြစ်သည့် အနေအထားများပေါ်ပေါက်နေပါက ဖြေရှင်းနိုင်ဖွယ်ရှိသည့် အကြံပြုတိုက်တွန်းချက်များကိုလည်း ထည့်သွင်းတင်ပြရပါသည်။ ထို့အပြင် သတ်မှတ်ထားသည့် စည်းမျဉ်းများအရ ပါဝင်သည့် စောင့်ကြည့် NGO များအနေဖြင့် စီမံချက်တစ်ခုကို ရန်ပုံငွေ ထပ်မံဖြည့်သွင်းခြင်းမပြုမီ လက်ရှိအနေ အထားသည် လက်ခံနိုင်ဖွယ် တိုးတက်မှုရှိကြောင်း သက်သေခံအတည်ပြု ပေးရမည်ဖြစ်သည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

စီမံချက်ကန်ထရိုက်တာများအနေဖြင့် စောင့်ကြည့်အဖွဲ့များက အဆင့်ဆင့်သော စီမံချက် လုပ်ငန်းများ အမှန်တကယ် ပြီးစီးမှုရှိကြောင်း အတည်ပြုပေးပြီးမှသာ ပိုက်ဆံရရှိနိုင်မည် ဖြစ်သည်။ အစီအစဉ်၏ စည်းမျဉ်းများအရ NGO များသည် စီမံချက်များ၌ ခန့်ထားသည့် ဒေသခံ အလုပ်သမား အရေအတွက်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းများမှ ယင်းအလုပ်သမားများရရှိသည့် ဝင်ငွေအနေအထား နှင့် အလုပ်လုပ်သည့် ရက်အရေအတွက်များကိုလည်း သတင်းအချက်အလက် စုစည်း ပေးရမည် ဖြစ်သည်။

NEDA က မိတ်ဖက် NGO များအတွက် ဆောက်လုပ်ရေး စီမံချက်များ စောင့်ကြည့် စစ်ဆေးခြင်းဆိုင်ရာ သင်တန်းများကို ပို့ချပေးခဲ့သည်။ သုံးရက်တာ ဆွေးနွေးပွဲ (seminars) များတွင် စီမံချက် ဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိရှိ နားလည်စေခြင်း၊ အစိုးရ၏ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း များကို သင်ကြားပေးခြင်း၊ စီမံချက် စက်ဝန်းများ (project cycles) ကို ရှင်းပြခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း (monitoring) ဆိုင်ရာ နည်းစနစ်များကို ပုံဖော်ရှင်းလင်းခြင်း၊ အစီရင်ခံစာ ရေးသားမှု လမ်းညွှန်ချက်များကို သတ်မှတ်ခြင်း၊ အစိုးရအေဂျင်စီများ၏ တာဝန်များကို နားလည်အောင် ရှင်းလင်းခြင်း၊ စာရင်းစစ်ဆေးမှု လုပ်ထုံးလုပ်နည်းများကို ခြုံငုံရှင်းလင်းခြင်း၊ နိုင်ငံသားနှင့် အစိုးရ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်း၏ သဘော သဘာဝ ကို ဆွေးနွေးခြင်း စသည်တို့ ပါဝင် ပါသည်။ ဆွေးနွေးပွဲများအတွင်း သင်တန်းပို့ချသူများက NGO များနှင့် ဗဟိုအစိုးရတို့အကြား ပွင့်လင်းလွတ်လပ်စွာ ဆက်သွယ်နိုင်စေရမည်ဟု အာမခံပြောကြားခဲ့ကြသည်။

## အလုပ်စတင်ခြင်း (GETTING DOWN TO WORK)

ဖွဲ့စည်းတည်ဆောက်ပုံ နှင့် လုပ်ပိုင်ခွင့်များ ရရှိပြီဖြစ်သည့်အတွက် Concerned Citizens အဖွဲ့သည် နောက်တစ်ဆင့်အဖြစ် အပင်ပန်းခံရမည့် အလုပ်ကို ပါဝင်ကူညီပေးနိုင်သည့် စေတနာ့ဝန်ထမ်းများ ရှာဖွေရန်ပင်ဖြစ်သည်။

*စောင့်ကြည့်သူများ ခန့်အပ်စုဆောင်းခြင်း (Recruiting monitors)*

စီမံချက်များစောင့်ကြည့်ရန်အတွက် အဖွဲ့ဝင်စုဆောင်းခြင်းမှာ ပထမဦးစားပေး လုပ်ငန်း ဖြစ်သည်။ "အဖွဲ့ဝင်စုဆောင်းတာကို NAMFREL ကနေပဲ စတင်ခဲ့တယ်" ဟု Sumangil က ပြောသည်။ "ကျွန်မတို့ရဲ့ စေတနာ့ဝန်ထမ်းတွေဖြစ်တဲ့ ကျောင်းသားတွေ၊ ကျွမ်းကျင်သူတွေ၊ ဘုန်းကြီးတွေ၊ လယ်သမားတွေ၊ အိမ်ရှင်မတွေ နဲ့ ကျောင်းမနေတော့တဲ့ လူငယ်လေးတွေ စသဖြင့် အားလုံးက ဒီခရိုင်ထဲကလူတွေချည်း ဖြစ်ပါတယ်" ဟု ဆိုသည်။ အသင်းတော်နယ်မြေ တာဝန်ခံများကလည်း Concerned Citizens ၏ ဒေသန္တရ တာဝန်ခံ များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသည်။

အဖွဲ့သည် စေတနာ့ဝန်ထမ်းများ ရရှိနိုင်ရန် မီဒီယာကိုလည်း အားကိုးအားထားပြုခဲ့ရသည်။ "စေတနာ့ဝန်ထမ်းတွေ စုဆောင်းနိုင်ဖို့ Sumangil နဲ့ ဂိုဏ်းအုပ် ဘုန်းတော်ကြီးတို့ က ရေဒီယိုမှာ ကြေညာပြောဆိုခဲ့တယ်" ဟု Ruiz က ပြောသည်။ ဘုန်းတော်ကြီးများက အသင်းတော်နယ်မြေများအတွင်း ပြုလုပ်သည့် Concerned Citizens ၏ အစည်းအဝေးများကို ကူညီ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အဖွဲ့၏ လုပ်ငန်းများ အပေါ် ထောက်ခံ ပြောဆိုပေးခဲ့ကြသည်။ ဘုန်းတော်ကြီးအချို့က စေတနာ့ဝန်ထမ်း အဖွဲ့ဝင်များကို ကိုယ်တိုင် စုဆောင်းပေးခဲ့ကြသည်။

Concerned Citizens အကြောင်းကို သတင်းဖြန့်ဝေရန်နှင့် barangays (ရပ်/ကျေး) များမှ စေတနာ့ဝန်ထမ်းများ ရှာဖွေခန့်အပ်နိုင်ရန် အတွက် အဖွဲ့ဝင်များသည် အက်ဘရာဒေသအနှံ့ မြို့၊ ရွာများတွင် ညနေပိုင်း ရပ်ရွာ အစည်းအဝေးများ ပြုလုပ်ခဲ့ကြသည်။ အစည်းအဝေးများတွင် မကြာခဏဆိုသလိုပင် Basa နှင့် လှို့ဆော်စည်းရုံးရေး ကော်မတီအဖွဲ့ဝင်များသည် စိတ်ဝင်စားမှု ရှိသူများကို ညနက်သန်းခေါင် တိုင်အောင်ပင်ပြောဆိုရှင်းပြခဲ့ကြရသည်။ နိုင်ငံသားများက

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

လည်း ထိုအစည်းအဝေးများတွင် ဒေသန္တရစီမံချက်များနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်ပူပန်ချက်များနှင့် သတင်းအချက်အလက်များကို ပြောဆိုဆွေးနွေးခဲ့ကြသည်။ "အစပိုင်းမှာ လူတွေက Concerned Citizens of Abra for Good Government အဖွဲ့ကို သူတို့ပြဿနာတွေကို ကြားနာပေးမယ့် အဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ယူခဲ့တယ်" ဟု Basa က ပြောသည်။

အစောပိုင်း၌ စေတနာ့ဝန်ထမ်း စုဆောင်းခြင်းမှာ ခက်ခဲခဲ့ပါသည်။ Basa က အခက်အခဲ နှစ်ရပ်ကို ပြန်လည်ပြောပြသည်။ "လူတိုင်းက ကြောက်ရွံ့နေကြတယ်။ ပြီးတော့ ကျွန်မတို့မှာ ပိုက်ဆံမရှိတော့ စေတနာ့ဝန်ထမ်းရဖို့က အရမ်းခက်ခဲခဲ့တယ်" ဟု ဆိုသည်။ ရပ်ရွာလူထု၏ စေတနာ့ဝန်ထမ်းကူညီမှုကို အမြဲတစေထိန်းထားနိုင်ရန် ခက်ခဲသော်လည်း အမာခံအဖွဲ့ဝင်များသည် စောင့်ကြည့်ရေးလုပ်ငန်းကို ဆက်လက် ဆောင်ရွက်နိုင်ခဲ့သည်။ Basa က "နေ့တိုင်းနီးပါး ကျွန်တော် အလုပ်လုပ်ခဲ့တယ်ဗျ။ အစီရင်ခံစာရေးဖို့လောက်ပဲ ရုံးကိုရောက်ဖြစ်တယ်။ ကျွန်တော် က ဒီရပ်ရွာ လူထုတွေထဲမှာပဲ ကြီးပြင်းလာခဲ့ရတယ်လို့ ပြောရမလိုပဲ။ Sumangil ကလည်း ကျွန်တော်တို့နဲ့ အတူလိုက်လာပါတယ်။ တစ်ခါတစ်လေ ကျရင်တော့ ကျွန်တော်တို့ အဖွဲ့ ဝင်တွေ ချည်းပေါ့။" ဟု ပြောပြသည်။

အဖွဲ့အစည်းအပေါ် အများယုံကြည်လက်ခံမှု တိုးတက်လာပြီးကောင်းမွန်သည့်ဂုဏ်သတင်းကြောင့် စေတနာ့ဝန်ထမ်းစုဆောင်းရသည်မှာ ပိုမို လွယ်ကူလာခဲ့ပါသည်။ ဥပမာအားဖြင့် ၁၉၈၈ ခုနှစ်တွင်၊ Divine Word College တွင် စာသင်ကြားပို့ချပေးနေသည့် အဖွဲ့ဝင်များက ကျောင်းသားများအား Young Concerned Citizens of Abra for Good Government (YCCAGG) ဟူသည့် လူငယ် အဖွဲ့ကို ကူညီဖွဲ့စည်း ပေးနိုင်ခဲ့သည်။ Bringas က "YCCAGG အဖွဲ့ကို လမ်းတွေကို ဘယ်လို စောင့်ကြည့်ရမယ်ဆိုတာ လမ်းညွှန်ပြသပေးခဲ့တယ်။ ဒီလူငယ်အဖွဲ့ဝင်တွေက ကျွန်မတို့ စီမံချက်တွေ တိုးချဲ့တဲ့အခါ စနေ၊ တနင်္ဂနွေတွေမှာ လာရောက်ကူညီပေးကြတယ်။ ဥပမာပြောရရင် တစ်နှစ်မှာဆိုရင် ကျောင်းသားတစ်ရာ ကျော်အပြင်၊ အမျိုးသမီးအဖွဲ့အစည်းတွေ နဲ့ တောင်သူလယ်သမားအုပ်စုတွေ လာကူပေးကြတာမျိုး ရှိခဲ့တယ်။ ဒီလူတွေအားလုံးက အခကြေးငွေ ကပါပဲ။" [note: reading below]

Young Concerned Citizens မှ စေတနာ့ဝန်ထမ်းများသည် စောင့်ကြည့်အလုပ်များကို ၎င်းတို့ကိုယ်တိုင် စတင်ဆောင်ရွက်လာခဲ့ကြသည်။ ကောလိပ်ကျောင်းသားဘဝတွင် စေတနာ့ဝန်ထမ်း စတင်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် အဖွဲ့ဝင်ဝန်ထမ်းတစ်ဦးဖြစ်လာခဲ့သူ Paz Bumogas က "စောင့်ကြည့်ရေးသွားတဲ့အခါ CCAGG က ကျွမ်းကျင်ပုဂ္ဂိုလ်တစ်ယောက်လောက်နဲ့ပဲ သွားပြီး ကျွန်မတို့ကိုယ်တိုင်လုပ်ကြည့်ခဲ့တယ်။ တကယ်လို့ စီမံချက်က သိပ်မကြီးဘူး၊ စောင့်ကြည့်ရေးကိုလည်း ကျွန်မတို့ လူငယ်အဖွဲ့က ကိုယ့်ဟာကိုယ် လုပ်နိုင်စွမ်း ရှိတယ်ဆိုရင် အထူးတလည် ကြီးကြပ်တာမရှိဘဲ ကိုယ်တိုင်သွား လုပ်ခဲ့တာပါပဲ" ဟု ပြောပြသည်။ စေတနာ့ဝန်ထမ်းလူငယ်များသည် စီမံချက်များ၏ အချိန်ဇယားများနှင့် အပတ်စဉ် နောက်ဆုံးအခြေအနေများကို အဖွဲ့ဝင်ဝန်ထမ်းများထံမှ ရရှိခဲ့ကြသည်။ ကျောင်းသားလူငယ်အဖွဲ့မှ အဖွဲ့ဝင်များစွာမှာ နောက်ပိုင်းတွင် မိခင်အဖွဲ့ ၌ ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။

Concerned Citizens သည် စောင့်ကြည့်ရေးလုပ်ငန်းများ ပို၍တိုးလာသည့်အလျောက် စေတနာ့ဝန်ထမ်းများကို ဆက်လက်စုဆောင်းခဲ့ပါသည်။ "ရပ်ရွာ စေတနာ့ ဝန်ထမ်း အရေအတွက် ဘယ်လောက်ရှိရမယ်ဆိုပြီး ရည်မှန်းသတ်မှတ်ထားတာတော့ မရှိပါဘူး။ ဒါပေမယ့် စောင့်ကြည့်ရေး လုပ်တဲ့အခါမှာ စေတနာ့ဝန်ထမ်းတွေရဖို့ ရပ်ရွာ လူထု စည်းဝေးပွဲတွေကို ညပိုင်း မှာ လုပ်ပါတယ်။ အဲဒီတော့ နေ့ပိုင်းမှာ စောင့်ကြည့်ရေးအလုပ်တွေကို လုပ်ပြီး ညပိုင်းမှာ စေတနာ့ဝန်ထမ်း စုဆောင်းရေးကို လုပ်ရပါတယ်။ ဒီလိုနဲ့ပဲ စေတနာ့ဝန်ထမ်းတွေ တိုးချဲ့ရရှိအောင် လုပ်နိုင်ခဲ့တာပါ" ဟု Bumogas က မှတ်ချက်ပြု ပြောသည်။

*သင်တန်းပေးခြင်း (Training)*

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

NEDA သင်တန်းကို တက်ရောက်ခဲ့သည့် Concerned Citizensမှ အင်ဂျင်နီယာများက စေတနာ့ဝန်ထမ်းအသစ်များကို လမ်းများနှင့် အခြေခံအဆောက်အအုံ စီမံချက်များကို မည်သို့ စောင့်ကြည့်စစ်ဆေးရမည်ကို သင်တန်းပေးခဲ့သည်။ ထိုသင်တန်းများကို ရက်သတ္တပတ်များစွာ ခွဲ၍ ပေးခဲ့ခြင်းဖြစ်သည်။ "တစ်ခါတစ်လေမှာ အင်ဂျင်နီယာတွေက သင်တန်းကို တစ်ကြိမ်တည်းနဲ့ ပေးလိုက်လို့မရဘူး။ ဘာကြောင့်လဲဆိုတော့ စေတနာ့ဝန်ထမ်း လုပ်ချင်တဲ့သူတွေက သင်တန်းကို တစ်ကြိမ်တည်း တောက်လျှောက်တက်ဖို့ အချိန်မပေးနိုင်ကြဘူးလေ။ အင်ဂျင်နီယာတွေက သင်တန်းကို သုံးပိုင်း ခွဲ လုပ်ပြီး တစ်ပိုင်းကို သုံးရက် စီ ကြာပါတယ်။ ပထမဆုံးအပိုင်းကို စေတနာ့ဝန်ထမ်း စတင်တဲ့ အပတ်ရဲ့ ရက်တစ်ရက်မှာ စလုပ်ပြီး ကိုယ့်ရဲ့ အကောင်း၊ အဆိုး အတွေ့အကြုံတွေ မျှဝေရတယ်။ စောင့်ကြည့်ရေးလုပ်ငန်းရဲ့ ဥပဒေရေးရာ အခြေခံတွေအကြောင်း ပြောတယ်။ ဒုတိယ အပိုင်းကိုတော့ ဒုတိယ အပတ်ထဲမှာ လုပ်ပြီး အခြေခံအဆောက်အအုံ စီမံချက်တွေ စောင့်ကြည့်ရေးအတွက် နည်းစနစ်ပိုင်းဆိုင်ရာ တွေ သင်ကြားပါတယ်။ သင်တန်း တတိယပိုင်း ကို တတိယမြောက် အပတ် ထဲမှာ လုပ်ပြီး နီးစပ်ရာ အခြေခံအဆောက်အအုံ စီမံချက်တွေကို သွားပြီး လက်တွေ့ စောင့်ကြည့် တာတွေ လုပ်ရပါတယ်။" ဟု Bumogas က ရှင်းပြသည်။

Bringas နှင့် အခြားအဖွဲ့ဝင်များက NEDA ၏ အစီရင်ခံတင်ပြမှု သတ်မှတ်ချက်များကို ဒေသန္တရ နောက်ခံ အခြေအနေဖြင့် လိုက်လျောညီထွေဖြစ်ရန် ပြင်ဆင်မွမ်းမံခဲ့သည်။ "သာမန်လူတွေအသုံးပြုနိုင်မယ့် လွယ်ကူရိုးရှင်းတဲ့ ပုံစံ တစ်ခုကို ရေးဆွဲခဲ့တယ်။ ဥပမာ - လမ်းတစ်ခု အတွက်ဆိုရင်၊ ကျွန်မတို့ထည့်သွင်း စဉ်းစားရမှာက လမ်းအရှည်၊ ထုထဲမှု၊ အလုပ်သမား လိုအပ်ချက်တွေ၊ ပြီးတော့ စီမံချက် အကောင်အထည်ဖော်ဖို့ ဘယ်နှစ်ရက် အချိန်ယူရမလဲ စတာတွေ ပါဝင်ရမယ်။" ဟု ဆိုသည်။ လက်ခံနိုင်သည့် ကျောက်စရစ်ခဲ အရွယ်အစား၊ ကုန်ကြမ်းပစ္စည်းများ၏ သန့်စင်မှု၊ ဘိလပ်မြေ တစ်အိတ်လျှင် အသုံးပြုရမည့် ကျောက်စရစ်ခဲ ပမာဏ၊ နိုင်ငံအဆင့်နှင့် ဒေသအဆင့် လမ်းများ၏ အထူနှင့် အနက် စသည့် အသေးစိတ် အချက်အလက်များကို သင်တန်းအတွင်း Bringas နှင့် အခြားအဖွဲ့ဝင်များက NEDA ၏ လမ်းညွှန်ချက်များမှ ကောက်နုတ်၍ သင်ကြားပို့ချပေးခဲ့သည်။ ထို့နောက် လက်တွေ့ သင်ခန်းစာများဖြင့် သင်တန်းကို ဖြည့်စွက်ပို့ချခဲ့သည်။

"စောင့်ကြည့်ရေးအတွက် သွားတဲ့အခါမှာ လမ်းအရှည်တိုင်းဖို့ စတီးလ်ပေကြိုးတွေ ယူသွားပါတယ်။ နေ့ပူပူမှာ လမ်းလျှောက်ရင်းပေါ့" ဟု Bringas က ဖြည့်စွက် ပြောပြသည်။ အင်ဂျင်နီယာတွေက စောင့်ကြည့်သူတွေကို လမ်းသား ထုထည်ကို ဘယ်လိုတွက်ချက်ရမယ်ဆိုတာ သင်ပေးတယ်။ မြေသား တူး/ဖို့/ညှိတာ (earthwork) ဆိုရင် လမ်း အတွက် ကုဗမီတာ ဘယ်လောက် မြေသားတူးထုတ်ထားလဲဆိုတာ သိရမယ်။" ဟု ဆိုသည်။

အစိုးရ၏ အသေးစိတ် အစီရင်ခံစာပုံစံများ (detailed report forms) က ဒေသခံ စေတနာ့ဝန်ထမ်းများ အတွက် အချိန်ကုန် လူပန်း ဖြစ်စေသဖြင့် Bringas နှင့် အဖွဲ့ဝင်များသည် ပုံစံများကို ရိုးရှင်းလွယ်ကူအောင် ပြင်ဆင်ပြီး စေတနာ့ဝန်ထမ်းများကို ၎င်းတို့၏ ဒေသန္တရ ဘာသာစကားဖြင့် ဆောင်ရွက်ချက်များအား ဇာတ်ကြောင်းပြန် အစီရင်ခံစာ (narrative reports) များသာ ရေးသားစေပါ သည်။ Sumangil က "ကျွန်မတို့ထဲက အင်ဂျင်နီယာတွေ ဟာ NEDA က ပေးထားတဲ့ အသေးစိတ်ပြီး၊ ပညာရပ် ဆန်တဲ့သင်တန်းကို ရိုးရှင်းလွယ်ကူအောင် ကြိုးစားပြင်ဆင်ခဲ့တယ်။ အစီရင်ခံစာအတွက် ဖြည့်ရမယ့် အကွက်တွေက အများကြီးပါပဲ။ ဒါက သာမန်နိုင်ငံသားတွေအတွက် ဆိုရင် မလွယ်ဘူးလေ။" ဟု Sumangil က ပြောသည်။ နောက်မှသာ အင်ဂျင်နီယာများက အစိုးရ၏ အစီရင်ခံ စာ လိုအပ်ချက်ပုံစံများနှင့် ကိုက်ညီအောင် ပြန်လည် ရေးသားခဲ့ခြင်း ဖြစ်သည်။

သင်တန်းအတွင်း၌ Concerned Citizens မှ ပို့ချသူများသည် အသစ်ခန့်အပ်ထားသည့် စောင့်ကြည့်သူများအား အရာရှိများ သို့မဟုတ် ကန်ထရိုက်တာများ

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ထံမှ စားစရာဖြစ်ပါစေ၊ သောက်စရာဖြစ်ပါစေ လုံးဝ လက်မခံရန် ပြောကြားထားခဲ့သည်။ Sumangil က "စီမံချက် လုပ်ငန်းခွင်တွေကို သွားကြည့်တဲ့အခါမှာ အများသုံးသွားလာရေးစနစ်ကိုပဲ သုံးပါတယ်။ ကန်ထရိုက်တာတွေနဲ့ အကောင်အထည်ဖော်တဲ့ အစိုးရအေဂျင်စီတို့က ကျွေးမွေးပြုစုတာကို လက်မခံပါဘူး။ ကိုယ်ယူလာတာကိုပဲ စားပါတယ်။ ဒါက ကျွန်မတို့ရဲ့လမ်းညွှန်အခြေခံမှုတစ်ခုပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကျွေးတာမွေးတာ စားပြီးရင် စောင့်ကြည့်ရေးမှာ ဘာတွေတွေ့ရှိထားလဲ ဆိုပြီး မေးကြလိမ့်မယ်။ အဲ့ဒီလို အပေးအယူလုပ်ရမယ့် အနေအထားမျိုးကို ရောက်လို့ မဖြစ်ဖူးလေ။" ဟု ပြောသည်။

*မီဒီယာမှတဆင့် ထောက်ခံသူအင်အားစု တည်ဆောက်ခြင်း (Building a constituency through the media)*

"အသိပညာဗဟုသုတဆိုတာ စွမ်းအားပဲ ဆိုတာရယ်၊ အဲဒီ အသိပညာဗဟုသုတကို မီဒီယာကနေ ရနိုင်တယ် ဆိုတာကို အမာခံအဖွဲ့က ကောင်းကောင်းသိပါတယ်။" ဟု Concerned Citizens အဖွဲ့ဝင်လည်း ဖြစ်သူ၊ အသင်းတော် သာသနာပိုင် ရေဒီယို ဌာန ၏ မန်နေဂျာလည်း ဖြစ်သူ Ruiz က ပြောသည်။ "ကျွန်မတို့က လူတွေကို ဒီရပ်ရွာ ပတ်ဝန်းကျင်မှာ ဆောင်ရွက်နေတဲ့ အစိုးရစီမံချက်တွေအကြောင်း အသိပေးဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါမှပဲ ပြည်သူ တွေက စောင့်ကြည့်ရေး မှာ ပါဝင်လာနိုင်မှာလေ။ အဖွဲ့အနေနဲ့ မီဒီယာကို ကောင်းကောင်း အသုံးချနိုင်ခဲ့တယ်" ဟု ဆိုသည်။

အသင်းတော်သာသနာ၏ ရေဒီယိုသတင်းဌာနသည် တန်ဖိုးရှိလှသော မီဒီယာတစ်ခု ဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ ထိုစဉ်က အက်ဘရာတွင် အင်တာနက် သို့မဟုတ် လက်ကိုင်ဖုန်း ဝန်ဆောင်မှုများ မရှိခဲ့သဖြင့် ရေဒီယိုနှင့် သတင်းစာများသည် သတင်းနှင့် အချက်အလက်များအတွက် အဓိက မီဒီယာ ရင်းမြစ်များပင်ဖြစ်သည်။ အသင်းတော်ပိုင် ရေဒီယိုဌာနသည် ခရိုင်၏ နယ်မြေအားလုံး နီးပါးသို့ ရောက်ရှိအောင် ထုတ်လွှင့်နိုင်ပြီး၊ Concerned Citizens ၏ ဆောင်ရွက်ချက်များ အကြောင်းကို ဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် ရေဒီယို ဌာန၏ အသင်းတော်ဖြင့်ဆက်စပ်မှုက အဖွဲ့အပေါ် အများ ယုံကြည်လက်ခံမှုကို တည်ဆောက်နိုင်စေခဲ့ သည်။ Baltar က "ဒါက အသင်းတော် သာသနာပိုင် ရေဒီယိုဌာနဖြစ်ပြီး၊ ဘက်မလိုက်တဲ့ ရေဒီယို ဖြစ်ပါတယ်။ သူ့မှာ နားထောင်သူ ပရိတ်သတ် ကျယ်ကျယ်ပြန့်ပြန့်ရှိပါတယ်။ လူတွေက ဒီရေဒီယိုကို သတင်းမှန် ရင်းမြစ် တစ်ခု လို့ ရှုမြင်ထားကြတာပါ။" ဟု ပြောသည်။ ထပ်မံ၍ အကျိုးကျေးဇူးရရှိခဲ့သည့်အရာမှာ Concerned Citizens ရုံးခန်းနှင့် ရေဒီယိုဌာနတို့သည် အသင်းတော်ပိုင် အဆောက်ဦး တစ်ခုတည်းတွင် အပေါ်ထပ်၊ အောက်ထပ် ဖြစ်နေခြင်းပင်ဖြစ်သည်။ အဖွဲ့မှ ဝန်ထမ်းများ အနေဖြင့် သတင်းထောက်များ၊ သတင်းကြေညာသူများကို လွယ်လွယ်ကူကူ တွေ့ဆုံ နိုင်ခဲ့ပါသည်။

ရေဒီယိုဌာနသည် Concerned Citizens အတွက် နားထောင်သူ အများဆုံး (prime) အချိန်တွင် အပတ်စဉ် မိနစ် ၃၀ စာ သီးသန့်အချိန်တစ်ခု ပေးခဲ့သည်။ ငွေကြပ်နေသည့် ၎င်းတို့ အဖွဲ့အတွက် တော့ အတိုင်းထက် အလွန် ဟု ပြောရမည်ပင်။ Baltar က "ကျွန်မတို့မှာ ပိုက်ဆံက ရှိတာမဟုတ်ဘူး။ ဒါပေမယ့် မိနစ် ၃၀ စာ ရေဒီယို အစီအစဉ်လေး တစ်ခု ရခဲ့တယ်။ ဒီခေတ်ကာလ နှုန်းထားနဲ့ ဆိုရင် ပီဆို ၁၂၀၀၀ [US$200] ကျမယ်။ ကျွန်မတို့က အလကား ရခဲ့တာ လေ။" ဟု ဆိုသည်။ ပဲ့တင်သံများ (Echoes) ဟု အမည်ပေးသည့် ထိုအသံလွှင့် အစီအစဉ်ကို အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ခဲ့ပြီး တနင်္ဂနွေနေ့ တွင် ပြန်လည်ထုတ်လွှင့်ပေးခဲ့သည်။ တင်ဆက်သူများ က သမ္မတ အကွီနို၏ အစီအစဉ်မှ ရန်ပုံငွေ ပံ့ပိုးသည့် ပြည်သူ့ဆောက်လုပ်ရေး စီမံကိန်းများ၏ အသေးစိတ် အချက်အလက်များဖြန့်ဝေခြင်း၊ စောင့်ကြည့်ရေး လုပ်ရှားမှုများအကြောင်း ဆွေးနွေးခြင်း၊ တွေ့ရှိချက်များ အစီရင်ခံတင်ပြခြင်း၊ ရှေ့တွင် ပြုလုပ်မည့် အစည်းအဝေးများကို ကြေညာခြင်းနှင့် ပြည်သူလူထုထံမှ

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

အကူအညီတောင်းခံခြင်း စသည်တို့ကို ထုတ်လွှင့်တင်ဆက်ခဲ့သည်။

Concerned Citizens သည် အသင်းတော်သာသနာပိုင် အပတ်စဉ်ထုတ် Abra Today သတင်းစာ ကိုလည်း အသုံးချ ခဲ့ကြသည်။ အဆိုပါ သတင်းစာသည် ထုတ်ဝေဖြန့်ချီလာခဲ့သည်မှာ နှစ်ပေါင်း ၂၀ ရှိခဲ့ပြီဖြစ်သည်။ Concerned Citizens အဖွဲ့ဝင်များက သတင်းစာတွင် အဖွဲ့အစည်း၏ လုပ်ရှားဆောင်ရွက်မှုများကို ဖော်ပြသည့် Abra Monitor ဟု ခေါ်သော ကဏ္ဍ တစ်ခုကို ပုံမှန်ရယူပြီး ပါဝင် ရေးသား ခဲ့ကြသည်။

Concerned Citizens တွင် စေတနာ့ဝန်ထမ်းလာရောက် လုပ်ကိုင်သည့် ဂျာနယ်လစ်များက ဤအခွင့်အရေးများကို ရယူ၍ အကျင့်ပျက်ခြစားမှုနှင့် နိုင်ငံရေး အနေအထားများကို ဆွေးနွေးခဲ့ကြသည်။ "အဲဒီအချိန်တုန်းက တင်ဆက် ကြေညာသူ တွေက အသံလွှင့်အစီအစဉ်မှာ ဒီကိစ္စတွေ ဆွေးနွေးရ မှာကို ကြောက်ရွံ့နေခဲ့ပါတယ်။ အဲဒါက ကျွန်မတို့ရဲ့ အသံလွှင့် အစီအစဉ်ပါ။ ကျွန်မတို့ရဲ့ တွေ့ဆုံမေးမြန်းမှုတွေက ထိပ်တိုက်ရင်ဆိုင်ပြီး၊ ကိစ္စရပ်တွေကို ပြောဆိုသုံးသပ်ရတာဖြစ်တော့ အတော်ကို လေးလေးနက်နက် ရှိပါတယ်။ ကျွန်မဆိုရင် အစီရင်ခံရမယ့်ဟာရယ်၊ မေးရမယ့် မေးခွန်းတွေရယ်ကို ပြင်ဆင်တဲ့အခါမှာ လူတွေပိုပြောလာအောင်၊ ထင်မြင်ချက်ပေးလာအောင်၊ ပါဝင်လာအောင် တိုက်တွန်းပေးနိုင်မယ့် ပုံစံမျိုးဖြစ်အောင် လုပ်ရပါတယ်။ ကိစ္စရပ်တွေကိုတော့ ပွင့်ပွင့်လင်းလင်း ပြောဆို ဆွေးနွေးတာပါပဲ။ အန္တရာယ်ရှိနိုင်တဲ့ ဆွေးနွေးမှုဆိုရင်တောင်မှပေါ့" ဟု Baltar က ပြောပါသည်။

ထိုအစောပိုင်းမှ စေတနာ့ဝန်ထမ်းများသည် ရပ်ရွာနေပြည်သူများကိုလည်း ဇာတ်ညွှန်းများ ရေးသားစေ၍၊ အသံလွှင့် အစီအစဉ် တွင် ပါဝင်တင်ဆက်ရန် တိုက်တွန်းအားပေးပြီး လေ့ကျင့်သင်ကြားပေးခဲ့ကြသည်။ Basa က "ကျွန်တော်တို့က အလေးထားဖော်ပြချင်တဲ့ အခြေအနေကို ဇာတ်လမ်းဆန်ဆန်ဖြစ်အောင် ဇာတ်ညွှန်းရေးတယ်။ အများအားဖြင့်တော့ ဇာတ်ညွှန်းတွေက လာဘ်ပေး၊ လာဘ်ယူနဲ့ အကျင့်ပျက်ခြစားတဲ့ အကြောင်းအရာတွေပါ။" ဟု ပြောသည်။ Sumangil ကလည်း "သတင်းဆောင်းပါးတွေ၊ ဇာတ်ညွှန်းတွေ နဲ့ ဝေဖန်သုံးသပ်ချက်တွေ စသဖြင့် သတင်းစာမှာ ပုံနှိပ်ဖြန့်ဝေတာ၊ ရေဒီယိုမှာ အသံလွှင့်တာတွေကြောင့် ကျွန်မတို့တွန်းနေတဲ့ ကိစ္စကို ထင်ရှား၊ လူသိများလာစေခဲ့တယ်။" ဟု ဆိုသည်။

*သတင်းအချက်အလက်ရရှိရေး အဟန့်အတားများကြားမှ လုပ်ငန်းဆောင်ရွက်ခြင်း (Working around barriers to information)*

၁၉၈၇ ခုနှစ် အစောပိုင်းတွင် Concerned Citizens အဖွဲ့သည် NEDA ထံမှ ဒေသန္တရစီမံချက်များ စာရင်းနှင့် ဘတ်ဂျက်နှင့် စီမံခန့်ခွဲမှု ဦးစီးဌာနထံမှ စီမံချက် ဘတ်ဂျက်များနှင့် ပေးအပ်မည့် အချိန်ဇယားများကို လက်ခံရရှိခဲ့ပါသည်။ သို့သော်လည်း စီမံချက်တစ်ခုကို စောင့်ကြည့်ရန်အတွက် အဖွဲ့အနေဖြင့် ဒေသရှိ ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဦးစီးဌာန ခရိုင်ရုံးထံမှ စီမံချက်တစ်ခုချင်းစီ၏ လုပ်ငန်း အစီအစဉ် သို့မဟုတ် အသေးစိတ် အချက်အလက်များ ကို ရရှိရန် လိုပါသည်။ သို့မှသာ စေတနာ့ဝန်ထမ်းများ သည် လုပ်ငန်းအစီအစဉ်တွင် ဖော်ပြထားသည့် အသေးစိတ် အချိန်ဇယားများအရ ဆောက်လုပ်ရေး စီမံချက်၏ တိုးတက်ဖြစ်ထွန်းမှုကို တိုက်ဆိုင်စစ်ဆေး ကြည့်နိုင်မည် ဖြစ်သည်။

ထိုသို့ စီမံချက်တစ်ခု၏ အသေးစိတ်အချက်အလက်များကို ရယူနိုင်ရေးမှာ မလွယ်ကူလှပါ။ "အမျိုးသားဖွံ့ဖြိုးရေး အေဂျင်စီ က ပေးဖို့ ညွှန်ကြားထားရင်တောင်မှ လုပ်ငန်း အစီအစဉ် ကို ခရိုင်ရုံးက မပေးဘူး။ ကျွန်မတို့တွေကို နားမလည်ဘဲ ဝင်ရှုပ်တဲ့သူတွေ၊ ကြံဖန် အပြစ်ရှာတဲ့ သူတွေဆိုပြီး ပြောကြတဲ့ အစိုးရအရာရှိတွေ ရှိပါတယ်။ အင်ဂျင်နီယာမဟုတ်တဲ့ စောင့်ကြည့်သူတွေက သူတို့ အပေါ်ကနေ ကြည့်ရှုစစ်ဆေးမယ် ဆိုတဲ့ ကိစ္စကို လုံးဝ သည်းမခံနိုင်ကြဘူး" ဟု Sumangil က ပြောပြသည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

နိုင်ငံသားများအဖွဲ့သည် ဤပြဿနာကို တိုက်ရိုက် တွေ့ဆုံခြင်းဖြင့် ရင်ဆိုင်ဖြေရှင်းခဲ့သည်။ အဖွဲ့ဝင်များသည် အရာရှိများထံ သွားရောက်၍ ဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်ပြီး သတိပေး ခဲ့သည်။ ထို့အပြင် မီဒီယာနှင့် အသင်းတော်တို့ကို အကူအညီတောင်းခံ၍ ကလန်ကဆန်လုပ်သော အစိုးရဝန်ထမ်းများကို ဆန့်ကျင်သည့် လူထုစည်းဝေး လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ Baltar က "အဲဒီအချိန် တုန်းက ထိပ်တိုက် ရင်ဆိုင်တဲ့ နည်းလမ်းက ထိရောက် ခဲ့ပါတယ်။ ကျွန်မတို့မှာ ဒီလမ်းကြောင်းကလွဲရင် တခြား ရွေးစရာမှ မရှိခဲ့ဘဲကိုး။ အဲဒီတော့ မီဒီယာနဲ့ အသင်းတော်ကနေတဆင့် ဖိအားပေးနိုင်ဖို့ကို ကြိုး စားခဲ့တယ်။ ဘုန်းတော်ကြီးတွေက တရားဟောစင်မြင့် ကနေ ကြေညာချက်ထုတ်တယ်။ အခြေခံပြည်သူတွေ ဆီ ရောက်အောင် မသွားဘူးဆိုရင် ကျွန်မတို့ရဲ့ နှိုးဆော်တိုက်တွန်းအားပေးရေး လုပ်ငန်းက ရှေ့ဆက် နိုင်ဖို့ ဆိုတာ မလွယ်ပါဘူး။ ကျွန်မတို့ရဲ့အင်အားဟာ အခြေခံပြည်သူကနေ ပေါ်ပေါက်လာခဲ့တာပဲ မဟုတ် လား။ အဲလိုမှ မဟုတ်ရင် ကျွန်မတို့ အဖွဲ့လည်း ဒီလောက်ထိ ရပ်တည်နေနိုင်မယ် မဟုတ်ဘူး" ဟု ထို အချိန်များကို ပြန်လည် ပြောပြသည်။

ဤနည်းဗျူဟာများသည်ပင် အချို့သော အခြေအနေများတွင် အလုပ်မဖြစ်သောကြောင့် Concerned Citizens အဖွဲ့ဝင်များသည် ရနိုင်သည့် နည်းလမ်းများကို ရှာကြံစဉ်းစားရပါသည်။ Sumangil က "ကြောင်ကို အရေခွံခွာဖို့ နည်းလမ်း အများကြီးရှိ ပါတယ်။ ရပ်ရွာလူထုဆီသွားပြီး ကျွန်မတို့ မေးတယ် ၊ 'ဒီစီမံချက် ဘယ်တုန်းက စသလဲ၊ ဒါနဲ့ ပတ်သက်ပြီး ဘာ သိထားသလဲ၊ ဒီစီမံချက်မှာ လူဘယ်လောက် အလုပ်လုပ်နေလဲ၊ လုပ်တာ ဘယ်လောက်ကြာပြီလဲ၊ တစ်နေ့ လုပ်အားခ ဘယ်လောက်ရသလဲ၊ ဘယ်လို စက်ကြီးတွေ၊ ကရိယာတွေ သုံးသလဲ' စသဖြင့် ပေါ့လေ" ဟု ပြောသည်။ ထိုမှ ရရှိသော အဖြေများ၏ အကူအညီဖြင့် စောင့်ကြည့်သူများသည် ခန့်မှန်း ကုန်ကျစရိတ်များကို တွက်ဆ နိုင်ခဲ့သည်။ ဥပမာအား ဖြင့် စက်ကြီးငှားရမ်းသူများကို နာရီအလိုက် ငှားရမ်းခ ပေးရပါသည်။ စက်ကရိယာများ အငှားချသည့် ဆပ်ကန်ထရိုက်တာများသည်လည်း အလားတူပင် ဖြစ်သည်။ သိလိုသည်များကို တိတိကျကျ မေးခြင်းဖြင့် စေတနာ့ဝန်ထမ်းများသည် ရက်အရေအတွက် တစ်ခု တွင် စက်ကရိယာ နှင့် အလုပ်သမား အတွက် ကုန်ကျ သုံးစွဲသည့် ပမာဏကို ခန့်မှန်းနိုင်ပြီး၊ ၎င်းကို ဘတ်ဂျက် နှင့် စီမံခန့်ခွဲမှု ဦးစီးဌာနထံမှ ရရှိထားသည့် ဘတ်ဂျက် ဖြင့် နှိုင်းယှဉ် ကြည့်နိုင်ပါသည်။

အစိုးရအရာရှိများက Concerned Citizens ဖြင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်သည့် အခါတွင် အဖွဲ့ဝင်များသည် တစ်ခါတစ်ရံ၌ ၎င်းတို့လိုချင်သည့် သတင်းအချက်အလက်များကို တရားဝင်မဟုတ်သည့် လမ်းကြောင်းများမှ တဆင့် ရယူခဲ့ရသည်။ အဖွဲ့၏ အခြေခံပြည်သူလူထုကို ကိုယ်စားပြုသည့် သဘော သဘာဝနှင့် ခရိုင်တစ်ခုလုံးတွင် အသိအမြင်ဖွင့်ပေး ရန် ကြိုးပမ်းချက်များကြောင့် နေရာတိုင်းတွင် ထောက် ခံသူများ ရရှိလာခဲ့ပါသည်။ ပြည်သူ့ဆောက်လုပ်ရေး နှင့် လမ်းမကြီးများ ဦးစီးဌာနအတွင်း၌ပင် အဖွဲ့ကို ထောက်ခံအားပေးသူများ ရှိလာပါသည်။ Sumangil က "အကျင့်ပျက်ခြစားတာတွေကို စိတ်ပျက်လက်ပျက် ဖြစ် နေတဲ့ ဦးစီးဌာနထဲက အတွင်းလူတွေ ပို့ပေးတဲ့ အချက်အလက် စာရွက်စာတမ်းတွေကြောင့် အဖွဲ့ရဲ့ အလုပ်ကို ဆက်လက် တိုးတက်အောင် လုပ်ဆောင် နိုင်ခဲ့တာပါ" ဟု ဆိုသည်။

စောင့်ကြည့်ရေးအဖွဲ့ကို ဦးဆောင်သူ Bringas က သတင်းအချက်အလက်များကို လျှို့ဝှက် စွာ ရယူခဲ့ရသည့် ဖြစ်ရပ်ဥပမာတစ်ခုကို "အစိုးရဝန် ထမ်း တစ်ချို့က ပြောင်ပြောင်တင်းတင်းတော့ မပါဝင် ရဲပေမယ့် ကျွန်မတို့ကို အထောက်အကူပေးခဲ့တယ်။ Sumangil ကို အပြည့်အစုံပါတဲ့ ဖိုင်တစ်ခု လျှို့ဝှက်ပြီး ပေးခဲ့တဲ့ အစိုးရဝန်ထမ်း တစ်ယောက်ကို ကျွန်မ မှတ်မိ ပါသေးတယ်။ အဲ့ဒီဖိုင်မှာ စီမံချက်စာရင်းတွေ၊ ပြေစာ ဘောက်ချာ တွေ စသဖြင့် ပါပါတယ်။" ဟူ၍ ပြောပြ ပါသည်။

*ဒေသခံ အရာရှိများကို ရင်ဆိုင်ခြင်း (Taking on local officials)*

၁၉၈၇ တွင် Norluzonian Courier သတင်းစာပါ ဆောင်းပါးမှ ပြည်သူ့ဆောက်လုပ်ရေး နှင့် အဝေးပြေးလမ်းမကြီးများ ဦးစီးဌာန၏ ဆောင်ရွက်ပြီးစီးမှု စာရင်းက Concerned Citizens အဖွဲ့ဝင်များကို အကြီးအကျယ် ဒေါသထွက်စေခဲ့ သည်။ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပြီး ရေဒီယို သတင်းထောက်တစ်ဦး လည်း ဖြစ်သူ Baltar က "ဒီဆောင်ပါးပါလာတဲ့ အချိန်ကာလတွေတုန်းက အလုပ်သမားတွေ၊ စီမံချက် တွေကို တကယ် မရှိဘဲ အရှိပြတာက လုပ်နေကျ ကိစ္စပါပဲ။ ဒါပေမယ့် စီမံချက် အခု ၂၇ ထဲမှာ မစတင်ရသေးတာရယ်၊ မပြီးသေးတာရယ် က အများစု ဆိုတာ ကျွန်မတို့က အသေအချာ သိနေခဲ့တာလေ" ဟု ထိုအချိန်ကို ပြန်ပြောပြသည်။ အဖွဲ့သည် ဤကိစ္စ နှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ ကြသည်။ ပူးတွဲ ဦးဆောင်နာယက Sumangil က "အက်ဘရာ ဟာ အဲဒီတုန်းက သိပ်ကို ဆင်းရဲတဲ့ ဒေသပါ။ အခုလည်း ဆင်းရဲတုန်းပါပဲ။ ဒါပေမယ့် လွန်ခဲ့တဲ့ ၂၅ နှစ်က ဘယ် လောက်တောင် ပိုဆိုးခဲ့ မလဲ ဆိုတာ စဉ်းစားကြည့်လို့ ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မတို့ အရေးယူ ဆောင်ရွက်ဖို့ ဆုံးဖြတ်တာဟာ ကျွန်မတို့ မရှိဆင်းရဲ သားတွေကို ဒီလို လုပ်ချင်တိုင်း လုပ်နေလို့ မရဘူးလို့ ပြချင်လို့ပါပဲ။ ဆင်းရဲ နိမ့်ကျနေရတာကို ကျွန်မတို့ စိတ်ကုန်လှပြီ" ဟု ပြောသည်။

အဖွဲ့သည် အဆင့်မြင့်အရာရှိများထံ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို တစ်ဆင့်တက်၍ မတင်ပြမီ ပထမဦးစွာ ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေး လမ်းမကြီးများ ဦးစီးဌာန၏ ဒေသရုံးသို့ သွားရောက် တွေ့ဆုံခဲ့ကြသည်။ ဒေသရုံးက ၎င်းတို့၏ တိုင်တန်း ချက်များကို အရေးစိုက်ခြင်း မပြုသောကြောင့် အဖွဲ့ သည် ဗဟိုရုံး နှင့် နိုင်ငံတော် သမ္မတရုံးသို့ တင်ပြခဲ့ ကြသည်။ အဖွဲ့ဝင်များသည် အမျိုးသားဖွံ့ဖြိုးရေး အေဂျင်စီမှ အရာရှိ များထံသို့လည်း စာရေးသား၍ သတင်းစာပါ အစီရင်ခံစာနှင့် ပတ်သက်၍ အသိပေး ခဲ့သည်။ NEDA မှ အက်ဘရာ ဒေသ စီမံချက်များ အတွက် ကြီးကြပ်ရေး တာဝန်ခံ ဖြစ်သူ Wilfredo De Perio က "အက်ဘရာကနေ NEDA ကို စာတစ်စောင် ရောက် လာတယ်။ ဦးစီးဌာနက ပြီးစီးပြီး ဖြစ်သည်လို့ အစီရင်ခံထားတဲ့ စီမံချက်တွေရဲ့ အကောင်အထည် ဖော် ဆောင်ရွက်မှုဟာ ပြဿနာတွေ ရှိနေပါတယ် ဆိုပြီး ရေးထားပါတယ်။" ဟု ပြန်လည် ပြောပြသည်။

Concerned Citizens အဖွဲ့သည် ၎င်းတို့၏ တိုင်ကြားချက်ကို ပံ့ပိုးရန် စီမံချက်ဆိုက်များမှ ခိုင်မာ သည့် သက်သေ အထောက်အထားများကို စုဆောင်းခဲ့ သည်။ အဖွဲ့ဝင်များသည် စေတနာ့ဝန်ထမ်း အဖွဲ့ လေးဖွဲ့ဖြင့် ဆိုက်များကို ခွဲခဲ့ပါသည်။ အဖွဲ့တစ်ခုစီတွင် ဦးဆောင်သူ၊ မှတ်တမ်းတင်သူ နှင့် ရပ်ရွာလူထု စည်းရုံးသူ တို့ပါဝင် ပါသည်။ အဖွဲ့အသီးသီးသည် ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ရယူပြီး၊ ဒေသခံများကို လည်း ကျမ်းကျိန်လွှာများတွင် လက်မှတ်ရေးထိုးစေခဲ့ သည်။ "အဖွဲ့တွေ ပြန်လာတဲ့အခါမှာ ဖြစ်ရပ် ဇာတ်လမ်းတွေ အများကြီးပါလာတယ်။ အဲဒီတော့မှ ကျွန်မတို့ သိလိုက်ရတာက ဒီစီမံချက်တွေက စီမံ ခန့်ခွဲမှု အလွဲအချော် ဖြစ်နေရုံ သက်သက်မဟုတ်ဘူး။ ငွေအချောင်ရပေါက် ရလမ်း (milking cow) ဖြစ်နေ ပါလား ဆိုတာကိုပေါ့" ဟု Sumangil က ပြောသည်။

Sumangil နှင့် အခြား အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဆိုင်ရာ အတွင်းရေးမှူး Vincent Jayme ထံသို့ ပျောက်ဆုံးနေသည့် ရန်ပုံငွေများနှင့် ပတ်သက်၍ အစီရင်ခံတင်ပြခဲ့ပြီး၊ တွေ့ဆုံခွင့်ပြုပါရန် စာရေးသား တောင်းဆို ခဲ့ကြသည်။ ၁၉၈၇၊ မတ်လတွင် မနီလာ၌ တွေ့ဆုံခွင့်ရသည့်အခါ၊ Concerned Citizens ကိုယ်စားလှယ်များက ၎င်းတို့၏ တွေ့ရှိချက်များကို အတည်ပြု စစ်ဆေးနိုင်ရန်အတွက် အက်ဘရာသို့ အဖွဲ့တစ်ဖွဲ့ စေလွှတ်၍ အတည်ပြု စစ်ဆေးပေးပါရန် Jayme ကို တောင်းဆိုခဲ့သည်။ "အတွင်းရေးမှူးက စာရင်းစစ် အဖွဲ့တစ်ဖွဲ့ ပို့ပေးမယ်လို့ ပြောတယ်။ ဘယ်တော့လဲတော့ မပြောဘူး။ နောက်တော့ စာရင်းစစ်အဖွဲ့ကမြို့ ကို ချက်ခြင်း ရောက်ချလာတော့

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

အတော်ကို အံ့ဩသွားရတယ်” ဟု Sumangil က ပြောသည်။ ဒေသခံအရာရှိများနှင့် အခြားသက်ဆိုင်သူများက မျက်မြင်သက်သေများကို လာဘ်ပေးစည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်းများ ကြိုတင်မပြုလုပ်နိုင်စေရန် စုံစမ်းစစ်ဆေးရေးမှူးများသည် ဧပြီလတွင် လာရောက်မည့် နေ့ရက်များကို လျှို့ဝှက်ထားခဲ့ပါသည်။ စုံစမ်းစစ်ဆေးမှုကြောင့် စာရင်းစစ်အဖွဲ့နှင့် စောင့်ကြည့်သူများ နှစ်ဖွဲ့စလုံးတွင် အန္တရာယ်များ ရှိလာခဲ့သည်။ လုပ်ငန်းအစီအစဉ်များ၊ စီမံချက် အသေးစိတ်အချက်အလက်များ နှင့် ဘတ်ဂျက်များကို စစ်ဆေးစဉ်နှင့် စီမံချက်ဆိုက် များသို့ သွားရောက်ကြည့်ရှုရာတို့တွင် အဖွဲ့ဝင်များသည် ခြိမ်းခြောက်မှု များကို ကြုံတွေ့ခဲ့ကြရသည်။ တစ်ကြိမ်တွင် စာရင်းစစ်မှူးများသည် စီမံချက်ဆိုက် တစ်ခုသို့ သွားရောက် ကြည့်ရှုကာ ပြီးစီးလုနီးတွင် ၎င်းတို့ စီးလာသည့် ကား၌ ကျည်ဆံရာများ တွေ့သဖြင့် မြန်မြန်ဆန်ဆန်ပင် ပြန်ခဲ့ကြရသည်။

ခရိုင်အင်ဂျင်နီယာ နှင့် လက်ထောက် ခရိုင်အင်ဂျင်နီယာတို့ အပါအဝင် အက်ဘရာမှ အင်ဂျင်နီယာ ၁၁ ဦး ကို ဦးစီးဌာန၏ အုပ်ချုပ်ရေးအဖွဲ့ မှ စုံစမ်းစစ်ဆေးရာ၌ Concerned Citizens နှင့် စာရင်းစစ်မှူးများ၏ အစီရင်ခံစာများသည် အခြေခံအချက်အလက်များ ဖြစ်လာခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံရှိ အစိုးရ အဖွဲ့အစည်းများ၏ အသုံးစရိတ်ကို စာရင်းစစ်ဆေးရန် အဓိကတာဝန်ရှိသည့် ဗဟိုအဖွဲ့အစည်းဖြစ်သော စာရင်းစစ်ကော်မရှင် ကလည်း အဆိုပါ စီမံချက်များကို စုံစမ်းစစ်ဆေးခဲ့ပြီး၊ ၎င်း၏ တွေ့ရှိချက်များအား သက်သေ အထောက်အထားများသို့ ထပ်ဖြည့်ပေးခဲ့သည်။ Sumangil က “အလွဲသုံးစားပြုလုပ်တဲ့ အင်ဂျင်နီယာ တွေကို ကျွန်မတို့ ကိုယ်တိုင် အမှုဖွင့်ဖို့ဆိုတာကို ငြင်းလိုက်ပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးနဲ့ အဝေးပြေး လမ်းမကြီးများဦးစီးဌာနအနေနဲ့ ဦးစီးဌာနရဲ့ ဂုဏ်သိက္ခာကို ပြန်ဆယ်နိုင်ဖို့ ကိုယ်တိုင် တိုင်ချက်ဖွင့်ပါလို့ ကျွန်မတို့က ပြောလိုက်တယ်။ ကျွန်မတို့ CCAGG အဖွဲ့က တော့ သက်သေအဖြစ် ဆောင်ရွက်ပေးဖို့ လိုလိုလားလား နဲ့ အသင့်ရှိနေပါ့မယ်လို့ ပြောလိုက်ပါတယ်။ အဲဒီကိစ္စက အက်ဘရာမှာတော့ အုတ်အော်သောင်းနင်း ဖြစ်ခဲ့ရတဲ့ သတင်း ပါပဲ” ဟု ပြောသည်။

တရားစွဲဆိုခြင်းကို အက်ဘရာအစား မနီလာတွင် ပြုလုပ်ခဲ့သည့်အပေါ် Sumangil က ချီးမွမ်းသည်။ “အတွင်းရေးမှူး Jayme က စာရင်းစစ်အဖွဲ့ရဲ့ အစီရင်ခံစာ ကို အခြေပြုပြီး တိုင်ချက်ဖွင့်တော့၊ ကျွန်မတို့က ဒီအုပ်ချုပ်ရေးဆိုင်ရာ အမှုကို မနီလာမှာ ကြားနာစစ်ဆေး ပေးပါလို့ တောင်းဆိုလိုက်တယ်။ မနီလာဆိုတာ ကျွန်မတို့ဆီကနေ ဝေးပါတယ်။ ဒါပေမယ့် အဲဒီနေရာဟာ ပိုလုံခြုံတယ်၊ ပိုပြီး တရားမျှတမှု ရနိုင်မယ် ဆိုတာ သိလို့ပါ။ ဒေသတွင်း ရုံးကျတော့ လေးနာရီ လောက်ပဲ သွားရတဲ့ La Union ခရိုင်ထဲက San Fernando မြို့မှာဆိုတော့ နီးလွန်းတယ်။ အဲ့ဒီက အရာရှိတွေ အတော်များများကလည်း အင်ဂျင်နီယာတွေရဲ့ ဆွေမျိုးတွေ၊ မိတ်ဆွေတွေ ဖြစ်နေတာကြောင့် တရားစီရင်တဲ့ ဖြစ်စဉ်ကို အလွယ်တကူ လွှမ်းမိုးမှု ရှိနိုင်ပါတယ်” ဟုပြောပြသည်။

၁၉၈၇ ဖွန်လတွင် စတင်ခဲ့သည့် ကြားနာမှုများအတွင်း သက်သေများအဖြစ် ဆောင်ရွက်ရန် စောင့်ကြည့်သူများသည် မနီလာမြို့သို့ ပုံမှန် သွားရောက် ခဲ့ကြရပါသည်။ “မနီလာကို သွားတဲ့ အခေါက်တိုင်းမှာ ဂျစ်ကားတစ်စီးကို ငှားသုံးခဲ့ကြတယ်။ ကျွန်မတို့ အဖွဲ့ အယောက် ၂၀၊ ဒါမှမဟုတ် ၂၀ ကျော်ပေါ့။ ညနေ ၆ နာရီ လောက်ကို ဒီကနေ ထွက်ပြီး မနီလာ ကို မနက်ခင်း စောစောမှာ ရောက်တယ်။ ရောက်တဲ့အခါ သစ်ပင်တွေ အောက် ထိုင်ပြီး ထုတ်လာတဲ့ ထမင်းတွေ စားကြတယ်။ အက်ဘရာကလူတွေက အရမ်းစေတနာကောင်းကြတယ်။ ကျွန်မတို့အတွက် ဟင်းသီးဟင်းရွက်တွေ၊ ပဲသီးတောင့်အစည်းတွေ ၊ ဆန်တွေ စသဖြင့် ပေးလိုက်ကြတာပါ။ အဲ့ဒါတွေကို စားစရာအဖြစ် ချက်ပြုတ်ပြီး ယူလာရတာပေါ့။ လူအတော်များများက လည်း ဒီအမှုမှာ ဝင်ရောက် သက်သေခံခဲ့ကြပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒါကလည်း သူတို့ရဲ့ တိုက်ပွဲပဲကိုး။” ဟု Sumangil က ထိုအချိန်ကို ပြန်ပြောင်းပြော ပြသည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

စွပ်စွဲခံရသည့် အင်ဂျင်နီယာများက ၎င်းတို့သည် စီမံချက်များကို ပြီးစီးကြောင်း အစီရင်ခံခဲ့မိသည်မှာ မသုံးရသေးသည့် ပိုက်ဆံများကို နောက်တစ်နှစ်ဘတ်ဂျက်စက်ဝန်းတွင် သုံးရန် ထိန်းသိမ်းထားခြင်းကြောင့် ဖြစ်ကြောင်း လျှောက်လဲခဲ့ကြသည်။ (အစိုးရ၏ စည်းမျဉ်းများအရ ဘဏ္ဍာရေးနှစ်တစ်ခု အတွင်း ကုန်အောင် မသုံးနိုင်သည့် ပိုက်ဆံကို ဗဟို အစိုးရဘဏ္ဍာတိုက်သို့ ပြန်လည် ပေးအပ်ရပါသည်) ပြည်သူ့ဆောက်လုပ်ရေး ခရိုင်ရုံးမှ အင်ဂျင်နီယာ Adamson Gumangan က "နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေကို ကျွန်တော်တို့ မသုံးခဲ့ပါဘူး။ သူတို့က ဒီပိုက်ဆံတွေ ကျွန်တော်တို့ အသုံးပြုပြီး အိပ်ထဲထည့်လိုက်တယ် လို့ ယူဆနေကြတယ်။ ဒါပေမယ့် ကျွန်တော်တို့က ဒီစီမံချက်တွေ အတွက်ကိုပဲ ပိုက်ဆံတွေကို မသုံးဖြစ်ခဲ့တာပါ။ နိုင်ငံတော် ဘဏ္ဍာတိုက်ကို ပိုက်ဆံတွေ ပြန်လွှဲ မပေးချင်လို့သာ ဒီလို လုပ်ခဲ့မိတာပါ။" ဟု ဆိုသည်။ ဘဏ္ဍာတိုက်သို့ ပိုက်ဆံများ ပြန်လွှဲပေးခဲ့ရပါက ဒေသရုံးအနေဖြင့် နောက် ဘဏ္ဍာရေးနှစ် အတွက် ဘတ်ဂျက်များ တောင်းခံရာတွင် အကြောင်းပြချက်ပေးနိုင်ရန် ခက်ခဲသွားမည် ဖြစ်သည်ဟု သူက ပြောသည်။

အင်ဂျင်နီယာများကို အပြစ်ဖော်ဆုံးမမှု (reprimand) ပြုလုပ်ခဲ့သော်လည်း Concerned Citizens အဖွဲ့က တော့ မကျေနပ်နိုင်ခဲ့ပါ။ "ကျွန်မတို့ ဒေါသထွက်ခဲ့ပါတယ်။ အပြစ်ဖော်ဆုံးမတာလောက်က အရမ်းကို ပျော့ ပျောင်း ညင်သာ လွန်းပါတယ်။ ဒါဟာ အက်ဘရာ ပြည်သူတွေအပေါ် နစ်နာစေခဲ့တဲ့ သူတို့ရဲ့ ဂုဏ်သိက္ခာမဲ့တဲ့ လုပ်ရပ်တွေအတွက် လုံးဝ ကိုက်ညီမှု မရှိ ပါဘူး။ ဒီအင်ဂျင်နီယာတွေက အက်ဘရာပြည်သူတွေအပေါ် ထိခိုက်နစ်နာမှုတွေပြုခဲ့တာကို ပြက်ရယ်ပြုလိုက်တာပါပဲ" ဟု Sumangil က ပြောသည်။

အယူခံဝင်ခဲ့ရာတွင် ၁၉၈၇ နိဝင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် တတိယမြောက် စီရင်ဆုံးဖြတ်ချက်အရ အင်ဂျင်နီယာ ၁၁ ဦးကို ပေါ့ဆမှုဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ပြီး နေရာ ပြောင်းရွှေ့ခြင်းသို့မဟုတ် ငါးလမှ ကိုးလအထိ လစာမပေးဘဲ ရာထူးချထားခြင်း တို့ကို ပြုလုပ်ခဲ့သည်။ အင်ဂျင်နီယာချုပ်နှင့် ဒုတိယအင်ဂျင်နီယာချုပ် တို့အား ခရိုင်အတွင်း တာဝန်ထမ်းဆောင်ခွင့် ကို တားမြစ်ခဲ့သည်။

Concerned Citizens အဖွဲ့ဝင်များသည် ရာထူးချထားခြင်းကို လုံလောက်သည့် အပြစ်ပေးမှုဟု မယူဆသော်လည်း ဤစီရင်ချက်သည် စိတ်ဓာတ်ရေးရာ အောင်ပွဲတစ်ခု ဖြစ်သည်ဟု အသိအမှတ်ပြုလက်ခံခဲ့ကြပါသည်။ အဖွဲ့သည် ခရိုင်နှင့် လက်ထောက် အင်ဂျင်နီယာချုပ် တို့ကို ခရိုင်သို့ ပြန်မလာစေရန် စောင့်ကြည့် ခဲ့ပါသည်။ Sumangil က "သူတို့က အက်ဘရာကို ပြန်လာနိုင်ဖို့ သူတို့ရဲ့ နိုင်ငံရေးသမား မိတ်ဆွေတွေကနေတဆင့် ကြိုးပမ်းပါသေးတယ်။ အဲဒီလို ပြန်လာဖို့ ကြိုးပမ်းနေတယ်ကြားတိုင်း ကျွန်မတို့က တောင်းဆိုစာတွေ ရေးပြီး သူတို့ အက်ဘရာကို ပြန်ဝင်မလာနိုင်အောင် တားဆီးခဲ့တယ်။" ဟု ဆိုသည်။

*စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်း (Monitoring and reporting)*

အစောပိုင်းတွင် အောင်မြင်မှုများ ရရှိခဲ့ပြီးနောက် Concerned Citizens စေတနာ့ဝန်ထမ်းများသည် ဆက်လက်၍ စီမံချက် အကောင်အထည်ဖော်မှုများကို စနစ်တကျ စောင့်ကြပ်ကြည့်ရှုခဲ့ကြပါသည်။ စီမံချက် စာရင်းများ၊ ဘတ်ဂျက်များ နှင့် လုပ်ငန်းအစီအစဉ်များ ပြည့်စုံစွာဖြင့် အများအားဖြင့် အိမ်ရှင်မများနှင့် ကျောင်း သားများ ပါဝင်သည့် စောင့်ကြည့်ရေးအဖွဲ့ များသည် စီမံချက်အနေအထားများကို တရားဝင်အချက် အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးရန် ဆက်လက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ တွေ့ရှိချက်များကိုမှတ်တမ်းတင်ခဲ့ပြီး၊ အလုပ်သမားအရေးအတွက်နှင့် ဆောက်လုပ်ရေး အရည်အသွေးတို့အပေါ် အထူးအလေးထား စောင့်ကြည့် စစ်ဆေးခဲ့သည်။

အဖွဲ့ဝင်ဝန်ထမ်းများက စေတနာ့ဝန်ထမ်းများ၏ တွေ့ရှိချက်များကို စစ်ဆေး အတည်ပြုပေးပါသည်။ လုပ်ငန်းခွင်များသို့ သွားရောက်ရယူခဲ့သည့် သတင်းအချက်အလက်များနှင့် လုပ်ငန်းအစီအစဉ်များ

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

တွင်ပါရှိသည့် ကန်ထရိုက်ဆိုင်ရာ အသေးစိတ် အချက်အလက်များကို နှိုင်းယှဉ်ပြခြင်းသည် NEDA သို့ တင်ပြသည့် Concerned Citizens အစီရင်ခံစာများ၏ အခြေခံ ပုံစံ ပင်ဖြစ်ပါသည်။ Baltar က ဘိလပ်မြေ ကို ရည်ညွှန်းရင်း ဥပမာတစ်ခု ပေးသည် - "လုပ်ငန်း အစီအစဉ်အလိုက် သတ်မှတ်ထားတဲ့ ရောစပ်မှု ပမာဏ အတိုင်း ဖြစ်ရမယ်။ ဆိုပါစို့ လုပ်ငန်းဆိုက်တစ်ခုဟာ သတ်မှတ်ထားတဲ့ ရောစပ်အညွှန်းနဲ့ ကိုက်ညီမှု မရှိကြောင်း ရှာဖွေတွေ့ရှိတာမျိုး ဖြစ်ရင်ဖြစ်မယ်။ ဘိလပ်မြေ နည်းနည်းပဲ သုံးထားတာကြောင့် လမ်း ရဲ့ အရည်အသွေးက သတ်မှတ်စံချိန်စံညွှန်းထက် နိမ့်နေမယ်ဆိုရင် လမ်းမျက်နှာပြင်မှာ အက်ကွဲကြောင်း တွေရှိနေတာမျိုး ဖြစ်ရင်ဖြစ်မယ်" ဟု ဆိုသည်။ ၁၉၉၇ ခုနှစ်မှ ဖြစ်ရပ်ဥပမာတစ်ခုတွင် ကန်ထရိုက်တာများ သည် အက်ဘရာနှင့် ကပ်လျက်တည်ရှိသော Ilocos Sur ခရိုင် အကြားမှ ၄.၅ ကီလိုမီတာ အရှည် လမ်း တစ်ခုကို ဘိလပ်အနည်းငယ် ဖြင့် သာ ရောစပ် ဖောက်လုပ်ခဲ့သည်။ စောင့်ကြည့်ရေးပြုလုပ်သည့် စေတနာ့ ဝန်ထမ်းများက လုပ်ငန်းဆိုက်မှ ဘိလပ်မြေအိတ် အရေအတွက်ကို ရေတွက်ကြည့်ခဲ့ပြီး၊ ကွန်ကရစ် ရောစာ (ကျောက်မှုန့်နှင့် ကျောက်စရစ်ခဲ) များ ကိုသာ ပိုလွန်အောင် ထည့်သွင်း အသုံးပြုထား သည်ကို စစ်ဆေး တွေ့ရှိခဲ့သည်။

အဖွဲ့ဝင်ဝန်ထမ်းများသည် တစ်ခါတစ်ရံတွင် အရေးကိစ္စများကို ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းများ တီထွင်ကြံဆ ခဲ့ရသည်။ Bringas က "တစ်ခါ တစ်ရံမှာ ကျွန်မတို့ သွားကြည့်တဲ့အချိန်မှာ အလုပ်က ပြီးစီးနှင့် ပြီးသား ဖြစ်နေတာမျိုးတွေရှိတယ်။ ဘိလပ်မြေ ဘယ်လောက် သုံးထားသလဲ ကျွန်မတို့ မသိရတော့ဘူး။ ဥပမာ - ကျောက်စရစ်ခဲ ကိုးအိတ် မှာ ဘိလပ်မြေ တစ်အိတ် သုံးရတယ်လေ။ ဒါပေမယ့် ကွန်ကရစ် အထု ကို တိုင်းတာကြည့်ပြီး ဘယ်လို လုပ်ထားလဲ ဆိုတာ ပြောလို့ရပါတယ်။" ဟု ဆိုသည်။

ကိန်းဂဏန်းအချက်အလက်များကို စုစည်းပြီး နောက်၊ အဖွဲ့သည် အစီရင်ခံစာ အပြည့်အစုံကို ပြင်ဆင်၍ ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေး လမ်းမကြီးများဦးစီးဌာန နှင့် NEDA သို့ တင်သွင်းခဲ့ပါသည်။ ဦးစီးဌာန က စောင့်ကြည့်သူများ၏ တွေ့ရှိချက်များကို စစ်ဆေး ပြီးနောက် ကန်ထရိုက်တာများအား လမ်းကို ကွန်ကရစ် ပြန်ခင်းပြီး ကတ္တရာ ထပ်ပိုးလွှာအသစ် တင်ရန် ညွှန်ကြားခဲ့သည်။

ဗဟိုအစိုးရအရာရှိများသည် လွတ်လပ်စွာ ဆက်သွယ်နိုင်ကြောင်း ပြောဆိုခဲ့သည့် အတိုင်း ကတိကဝတ်ကို တည်ခဲ့ ပါသည်။ အမျိုးသားဖွံ့ဖြိုးရေး အေဂျင်စီမှ De Perio က "အက်ဘရာက Concerned Citizens အဖွဲ့ဟာ CEDP အစီအစဉ်နဲ့ ပတ်သက်ပြီး သတင်းအချက်အလက် လိုအပ်တဲ့ အချိန်တိုင်း ကျွန်တော့် ကို ဖုန်းခေါ်ပါတယ်။ စီမံချက်တွေမှာ အဆင်မပြေတာ တစ်ခုခုရှိရင်လဲ ကျွန်တော့်ကို လှမ်းပြော ပါတယ်။ ပုံမှန်အားဖြင့်တော့ သုံးလပတ်တိုင်းမှာ သူတို့က အစီရင်ခံစာပို့ပေးတယ်။ ဒါပေမယ့် ဒီသုံးလပတ် ကြားထဲမှာလည်း အချိန်မရွေး ပေးပို့နိုင်ပါတယ်။" ဟု ပြောပြသည်။

နည်းလမ်းတကျမဟုတ်သည့် အခြေအနေများရှိနေပါက Concerned Citizens အဖွဲ့သည် NEDA၊ ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေး လမ်းမကြီးများဦးစီးဌာန၊ တိုင်ကြားစာများလက်ခံရာ အစိုးရရုံး နှင့် စာရင်းစစ် ကော်မရှင် စသည့် အစိုးရ အဖွဲ့အစည်းများစွာသို့ တိုင်ကြားချက်များ ပေးပို့ပါသည်။ "စာရင်းစစ်ကော်မရှင်ရဲ့ ဒေသရုံးနဲ့ ဗဟိုရုံးတွေကို သွားတွေ့တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က အစိုးရ ဘဏ္ဍာ အသုံးပြုမှုကို စစ်ဆေးဖို့အတွက် တာဝန် အရှိဆုံး အဖွဲ့ ဖြစ်လို့ပါ။" ဟု Sumangil က ပြောသည်။ မကြာမဏ ဆိုသလိုပင် ကော်မရှင်၏ စစ်ဆေး တွေ့ရှိချက်များသည် Concerned Citizens အဖွဲ့၏ စောင့်ကြည့်ရေးအလုပ်ကို ပို၍ ခိုင်မာအားကောင်း စေခဲ့ပြီး၊ တရားဝင်စုံစမ်းစစ်ဆေးမှုများ တွင် သက်သေ အထောက်အထားများ ဖြစ်လာခဲ့သည်။

ကနဦးတွင် Concerned Citizens မှ စေတနာ့ ဝန်ထမ်းများသည် သတ်မှတ်ထားသည့် အတိုင်း ပြတ်ပြတ်သားသား၊ တင်းတင်းကျပ်ကျပ်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ဆောင်ရွက်သည့် ချဉ်းကပ်ပုံနည်းလမ်းကို အသုံးပြုခဲ့ကြသည်။ ဤသို့ဆောင်ရွက်ခြင်းကြောင့် ၎င်းတို့သည် အစိုးရစီမံချက်များနှင့် ပတ်သက်ပြီး အတွေ့အကြုံမရှိကြောင်း၊ နားမလည်ကြကြောင်း ပေါ်လွင်နေသည်ဟု အစိုးရအရာရှိများက သုံးသပ်ကြ သည်။ ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဦးစီးဌာန ခရိုင်ရုံးမှ အင်ဂျင်နီယာတစ်ဦးဖြစ်သူ Edwin Bringas (Irene Bringas နှင့် အမျိုးမတော်ပါ) က Concerned Citizens မှ စောင့်ကြည့်သူများ သည် အစောပိုင်းကာလများတွင် အလွန် တင်းကြပ် ပြင်းထန်စွာ ဆောင်ရွက်ခဲ့သည်ဟု ပြောသည်။ "အဲဒီတုန်းက ရိုက်သံလေးတစ်ချောင်း ပျောက်နေရင်တောင် သူတို့တွေက ပြဿနာရှာတယ်ဗျာ။" ဟု သူက ပြောသည်။ "ကျွန်တော်တို့အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်လာတယ်။ မရည်ရွယ်ဘဲနဲ့ တစ်ခုခုဖြစ်သွားတယ်ဆိုရင်တောင် သူတို့က ကျွန်တော်တို့ကို အကျင့်ပျက်ခြစားနေတယ်၊ အလုပ်မလုပ်ဘူး လို့ပဲ ယူဆနေကြတာကိုး။" ဟု ပြောပြသည်။

သို့သော်လည်း စောင့်ကြည့်သူများသည် ဆောက်လုပ်ရေးလုပ်ငန်း၏ဆောင်ရွက်ပုံ အလေ့အထများ၊ အစိုးရ ကန်ထရိုက်စာချုပ်များ နှင့် အစိုးရ၏ စည်းမျဉ်းများကို ပိုမိုနားလည် သိရှိလာခဲ့သည့်အလျောက် ၎င်းတို့၏ သဘောထားများသည်လည်း ပိုမို ပျော့ပျောင်း ညင်သာ လာခဲ့ပါသည်။ Edwin Bringas က "အစပိုင်းမှာသူတို့က ထပ်တက်ဈေးနှုန်းကုန်ကျစရိတ်တွေ (markup costs) [သွယ်ဝိုက်ကုန်ကျစရိတ်တွေ (indirect costs)] ကို လုပ်ငန်းအစီအစဉ်ထဲ ထည့်တွက် ရတယ်ဆိုတာကို နားမလည်ကြဘူး။ သူတို့က ဒါကို မလိုအပ်ဘူးလို့ ယူဆနေကြတယ်။ ဒါပေမယ့် ဒါက ကျွန်တော်တို့ရဲ့ စနစ်ပဲလေ၊ ကျွန်တော်တို့က ဒီအတိုင်း လိုက်လုပ်မှပဲ ရမှာလေ။ စုံစမ်းစစ်ဆေးတဲ့ စီမံချက်တွေအတွက် စစ်ဆေးတွေ့ရှိချက်တွေကို သူတို့က အစီရင်ခံတင်ပြဖို့ လုပ်တဲ့အခါမှာ ကျွန်တော်တို့က သူတို့ရုံးကို သွားပြီး ဒီ အပြစ်အနာအဆာလေးတွေကိုတော့ ပြင်ပေးပါအုံး ဆိုပြီး သွားပြောရတယ်" ဟု ပြောပြပါသည်။

ဦးစီးဌာနအရာရှိများနှင့် စောင့်ကြည့်သူများသည် တဖြည်းဖြည်းချင်းဖြင့် ပူးပေါင်းဆောင်ရွက်လာနိုင်ခဲ့ပါသည်။ အင်ဂျင်နီယာ Gumangan က "အစောပိုင်းမှာတော့ ဒါက ကျွန်တော်တို့အတွက် ခက်ခဲတဲ့ အရာ တစ်ခုပဲ။ ဒီဖွဲ့စည်းပုံ အစီအစဉ်ကို ကျွန်တော်တို့ အကျွမ်းတဝင်မရှိဘူးလေ။ ဒါပေမယ့် ဆက်ဆံရေးက တိုးတက်လာခဲ့ပါတယ်။ သူတို့က ကျွန်တော်တို့ဆီကနေ စီမံချက် စာရွက်စာတမ်းတွေ တောင်းတယ်၊ လုပ်ငန်းဆိုက် ထဲကို သွားကြည့်တယ်၊ အစီရင်ခံစာတွေ ပြင်ဆင်တယ်၊ ပြီးတော့ ကျွန်တော်တို့ မှတ်တမ်း ဌာနစိတ်ကို ပေးပို့ပါတယ်။" ဟု ပြောသည်။ အစီရင်ခံစာများ ရရှိသည့်အခါ ဦးစီးဌာန အရာရှိများသည် စောင့်ကြည့်သူများ၏ တွေ့ရှိချက်များကို စစ်ဆေးရန် ဝန်ထမ်းများသို့ ပေးပို့ပြီး၊ ကန်ထရိုက်တာများအား လိုအပ်ချက်များ ရှိပါက ပြင်ဆင်ရန် ညွှန်ကြားပါသည်။

Sumangil က အဖွဲ့နှစ်ခုသည် အခြေခံတူညီမှု ကို ရှာဖွေနိုင်ခဲ့သည် ဟု ဆိုသည်။ "[ဒေသမှ] အစိုးရဝန်ထမ်းတွေက ကျွန်မတို့ဟာ သူတို့ကို သက်သက်မဲ့ တိုက်ခိုက်နေတာမဟုတ်ဘူးဆိုတာရယ်၊ စောင့်ကြည့်ရေး လုပ်တာဟာ တကယ်တော့ သူတို့အတွက် အထောက်အကူ ဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုလက်ခံလာကြပါ တယ်။ ဗဟိုအစိုးရရဲ့ အသိအမှတ် ပြုမှုနဲ့ ဆုချီးမြှင့်မှုတွေကလည်း သူတို့ကို သဘောထားပျော့ပြောင်း ရင့်ကျက်သူတွေ ဖြစ်လာစေပါတယ်။" ဟု ဆိုသည်။

အဆင့်အားလုံးမှ ပြုပြင်ပြောင်းလဲ လိုစိတ်ရှိသည့် အစိုးရအရာရှိများကလည်း ကန်ထရိုက်တာများကို စီမံခန့်ခွဲရာတွင် စောင့်ကြည့်ရေး အဖွဲ့၏ အစီရင်ခံစာများကို အသုံးချနိုင်ကြောင်း သဘောပေါက်လာ ခဲ့ကြသည်။ "စီမံချက်တွေကို ထိန်းချုပ်ထားတဲ့ နိုင်ငံရေးသမား တစ်ချို့က ရန်ပုံငွေတွေ မြန်မြန်ထုတ်ပေးဖို့ အတင်းကာရော တောင်းဆိုလာတဲ့အခါမှာ ဦးစီးဌာနအရာရှိတွေက Concerned Citizens ရဲ့ အစီရင်ခံစာ မထွက်သေးဘဲနဲ့ ရန်ပုံငွေမထုတ်ပေးနိုင်သေးဘူးဆိုပြီး ပြန်ပြောတတ်ကြတယ်။

ကျွန်တော်တို့ကို အကာအကွယ် ယူတာပေါ့။ ရန်ပုံငွေ ထုတ်ပေးဖို့အတွက်ကလည်း ကျွန်တော်တို့ရဲ့ အစီရင်ခံစာတွေ လိုအပ်တယ်လေ။" ဟု Basa က ပြောပြသည်။

*စနစ်တကျ ဖွဲ့စည်းတည်ဆောက်ခြင်း (Institutionalization)*

ငွေကြေးအရင်းအမြစ်များပြည့်စုံလုံလောက်မှု သိပ်မရှိလှသည့် Concerned Citizens အဖွဲ့သည် စေတနာ့ဝန်ထမ်းများ၏အကူအညီနှင့်အတူ အတန်အသင့်သော ရန်ပုံငွေ ရှာဖွေရေး လှုပ်ရှားမှုများဖြင့် ဆက်လက်ရပ်တည်ခဲ့သည်။ Sumangil က "တစ်ခါတစ်ရံမှာ ကျွန်မတို့ဟာ တစ်ချို့မိတ်ဆွေတွေကို 'ရှင်တို့ ကလေးကို ရေဖြန်းမင်္ဂလာပြု ကင်ပွန်းတပ်ပွဲ (christening party) လုပ်မယ်လို့ကြားတယ်။ ကျွန်မတို့ ချက်ပြုတ်ရေး လုပ်ပေးပါရစေ' ဆိုပြီး မေးမြန်းရတယ်။ ပီဆို ၁၀၀၀ လောက် ရရင်တောင် အရမ်း ဝမ်းသာပါတယ်။ အဲဒီငွေနဲ့ စောင့်ကြည့်ရေးကိစ္စတွေ ဆက်လုပ်လို့ ရတယ်လေ။ တစ်ချို့ပြည်သူတွေက သူတို့ရဲ့ ချွေးနဲ့စာ ပိုက်ဆံလေးတွေနဲ့ ကူညီပေးကြတာလည်း ရှိပါတယ်။ ကျွန်မတို့ဟာ ဘယ်တော့မှ နိုင်ငံရေးသမားတွေ ဆီက အကူအညီ မတောင်းခဲ့ဖူး ။ ကျွန်မတို့အဖွဲ့ထဲက ဝင်ငွေဖူလုံတဲ့သူတွေကလည်း ရက်ရက် ရောရော ကူညီပေးခဲ့ပါတယ်။ အဖွဲ့ဝင်တွေဟာလည်း မများလှတဲ့ အသင်းဝင်ကြေးကို ပုံမှန် ပေးခဲ့ကြတယ်။ အခြားစေတနာ့ဝန်ထမ်းတွေကလည်း ညစာစားပွဲ၊ ကပွဲတွေပြုလုပ်ပြီး ရန်ပုံငွေ ရှာပေးခဲ့ကြ တယ်။" ဟု ပြောပြသည်။

အသင်းတော်ဂိုဏ်းအုပ် သာသနာ့နယ်နှင့် နှုတ်ကပတ်တော် အဖွဲ့အစည်း (Society of Divine Word) တို့ကလည်း ငွေကြေးနှင့် ပစ္စည်းပစ္စယများ ကို ထောက်ပံ့ကူညီခဲ့သည်။ "ဂိုဏ်းအုပ် ဘုန်းတော်ကြီး အပါအဝင်၊ အသင်းတော်ဘုန်းတော်ကြီးတွေကလည်း ဂရုတစိုက် ကူညီပေးခဲ့ကြတယ်။ ပြောရရင် သူတို့ကြောင့်သာ ဆက်လက်ရပ်တည်နိုင်ခဲ့တာပါ" ဟု Basa ကပြောသည်။ စေတနာ့ဝန်ထမ်းများသည် စောင့်ကြည့်ရေးလုပ်ငန်းများအတွက် နှုတ်ကပတ်တော် အဖွဲ့အစည်းပိုင် ကားတစ်စီးဖြင့် ဝေးလံဒေသ များသို့ သွားရောက်ခဲ့ကြပြီး အသင်းတော်များတွင် တည်းခိုခဲ့ကြသည်။

အဖွဲ့အစည်းသည် အစပိုင်းတွင် အစိုးရထံမှ သင်တန်းနှင့် လမ်းညွှန်မှု အကူအညီများကိုသာ ရရှိခဲ့သော်လည်း၊ နောက်ပိုင်းတွင် အစိုးရ၏ မိတ်ဖက် NGO အဖြစ် ပေးအပ်ငွေ အနည်းငယ်ကို စတင် ရရှိခဲ့သည်။ ၁၉၉၀ ခုနှစ်များ၏ အလယ်ပိုင်းတွင် ခရိုင်နှင့် ဒေသဆိုင်ရာ စောင့်ကြည့်ရေး ကော်မတီများသည် ဗဟိုအစိုးရထံမှ နှစ်စဉ် ပီဆို ၆၀၀၀၀ (US$21,000) မှ ပီဆို ၁ သန်း (US$36,000) အကြား ရရှိလာခဲ့ပါသည်။ ဒေသတွင်းကော်မတီ၏ အဖွဲ့ဝင်ဖြစ်သည့်အလျောက် Concerned Citizens သည်လည်း ရယူသည်ဆိုရုံမျှ ပမာဏဖြစ်သည့် ပီဆို ၁၀၀၀၀ (US$360) ကို နှစ်စဉ် စတင် ရရှိခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် စနစ်တကျဖွဲ့စည်းတည်ဆောက်ခြင်း ခြေလှမ်းတစ်ခု အဖြစ် Concerned Citizens အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ ငွေချေးသက်သေခံလက်မှတ် နှင့် အိတ်ချိန်း ကောက်မရှင် (Securities and Exchange Commission) တွင် အစုရှယ်ယာပိုင် မဟုတ်သော (nonstock)၊ အမြတ်အစွန်းအတွက် မဟုတ်သော(nonprofit) အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခဲ့ပြီး လွတ်လပ်သည့် အရပ်ဘက်လူမှု အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သည်။ အသင်းတော်အောက်ရှိ အသင်းအဖွဲ့တစ်ခု အဖြစ်မှ သီးခြား ခွဲထွက်နိုင်ခဲ့သည်။[11]

၁၉၉၀ ခုနှစ်သို့ရောက်ချိန်တွင် Concerned Citizens အဖွဲ့ သည် အက်ဘရာတွင် အခိုင်အမာ ရပ်တည်လျက်ရှိနေပြီ ဖြစ်သည်။ အဖွဲ့သည် စေတနာ့ဝန်ထမ်းများကို ပုံမှန် စုဆောင်းပြီး၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများဖြင့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့် သင်တန်း ပေးနိုင်ခဲ့သည်။ သင်တန်း၏ သင်ခန်းစာတွင် သန်္ဘာအခြေခံနှင့် အင်ဂျင်နီယာ ဖော်မြူလာများ၊ လုပ်ငန်းအစီအစဉ်များ၊ အခြေခံအဆောက်အအုံ အမျိုးအစားများ၊ နိုင်ငံသား တာဝန်၊

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

နှင့် စီမံချက်များမှ ရရှိမည့် လူမှု အကျိုးကျေးဇူးများ စသည့် ပို့ချမှုများ ပါဝင်ပါသည်။ အဖွဲ့သည် ဥပဒေရေးရာနှင့် ပညာရေး ဆွေးနွေးပွဲများကိုလည်း ပုံမှန်ကျင်းပပြုလုပ်ခဲ့သည်။ ထို့အပြင် အဖွဲ့သည် ပေါ့ဆ သို့မဟုတ် အလွဲသုံးစားပြုလုပ်သည့် အစိုးရဝန်ထမ်းများနှင့် နိုင်ငံရေးသမားများ ရှိလာပါက ရပ်ရွာပြည်သူလူထုဘက်မှ လိုက်ပါဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ဥပမာအားဖြင့် ၁၉၉၁ ခုနှစ်တွင် မြို့တော်ဝန် နှစ်ဦးဖြင့် ရင်ဆိုင်သည့် အမှု အပါအဝင် အမှု လေးခု တွင် လိုက်ပါ ဆောင်ရွက် ပေးခဲ့သည်။ (အချိန်ကုန်ငွေပန်း ဖြစ်သည့်အတွက် အဖွဲ့သည် တရားရင်ဆိုင်ခြင်းကို နောက်ဆုံးနည်းလမ်း အဖြစ်သာ ထားရှိရန်နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုနှင့် လူထုဖိအားနည်းလမ်းများဖြင့်သာ ပြဿနာများကို ဖြေရှင်းဖို့ ကြိုးစားရန် ထိုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။) အဖွဲ့အပေါ် အများပြည်သူ၏ ယုံကြည်လက်ခံမှု တိုးတက်လာခဲ့သည်နှင့်အတူ မနီလာမြို့တွင် အဆက်အသွယ်များ ချိတ်ဆက် နိုင်ခဲ့ပြီး မြို့တော်ရှိ အဖွဲ့အစည်းများ၊ တက္ကသိုလ်များ ထံမှ အကြံဉာဏ်နှင့် အကူအညီများ မျှဝေခြင်း၊ တောင်းခံခြင်း တို့ကို မကြာခဏ ပြုလုပ်နိုင်ခဲ့သည်။

## အဟန့်အတားများကို ကျော်လွှားခြင်း (OVERCOMING OBSTACLES)

Concerned Citizens စေတနာ့ဝန်ထမ်းများ၏ ဆောင်ရွက်ချက်သည် ခရိုင်အတွင်းရှိ နိုင်ငံရေးသမားများ၊ ကန်ထရိုက်တာများ နှင့် အဆင့်မြင့် အစိုးရအရာရှိများ စသည့် အင်အားကြီး အကျိုးစီးပွား အုပ်စုများဖြင့် ထိပ်တိုက် ရင်ဆိုင်ခဲ့ရပါသည်။ Concerned Citizens ၏ စောင့်ကြည့် အစီရင်ခံစာတွင် ညံ့ဖျင်းသည့် လုပ်ဆောင်မှုများကို ဖော်ထုတ်တင်ပြထားပါက ကန်ထရိုက်တာများသည် အစီရင်ခံစာကို ပြင်ဆင် ရေးသားရန် အဖွဲ့ကို ဖိအားပေးခဲ့သည်။ စောင့်ကြည့်ရေး ခေါင်းဆောင်သူဖြစ်သည့် Irene Bringas က "ကျွန်မတို့ အစီရင်ခံစာထဲမှာ ဖော်ပြထားတဲ့ အမှားပြင်ဆင်ချက်တွေကို ကန်ထရိုက်တာတွေက မထည့်စေချင်ဘူး။ ဖုန်းတွေ အများကြီးဝင်လာတယ်။ အစီရင်ခံ စာကို ပြင်ရေးပေးပါဆိုပြီး တစ်ခါ တစ်လေ ၁၅ မိနစ် ကို တစ်ကြိမ်လောက်ခေါ်တယ်။ မြို့ထဲ ကျွန်မတို့ ကားမောင်း သွားတဲ့အခါမှာတောင် လမ်းမှာ တားပြီး ခြိမ်းခြောက် တယ်။" ဟု ဆိုသည်။

စေတနာ့ဝန်ထမ်းများသည်လည်း လုပ်ငန်းဆိုက်များသို့ သွားရာတွင် အနှောင့်အယှက် အဟန့်အတားများကို ကြုံခဲ့ရသည်။ အနှောင့်အယှက်ပေးခြင်း သို့မဟုတ် လာဘ်ပေးခြင်း တို့ကို မကြာခဏ ရင်ဆိုင်ရသဖြင့် စေတနာ့ဝန်ထမ်းများမှာ စောင့်ကြည့်ရေးအလုပ်များဆောင်ရွက်ရာတွင် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကို စိတ်ပူ ခဲ့ကြရပါသည်။ "တစ်ကြိမ်မှာ ဆိုရင် ကျွန်မတို့ စောင့်ကြည့် အဖွဲ့ ခေါင်းဆောင် Irene Bringas နဲ့ ဥက္ကဋ္ဌ Mely [Camelita] Bersalona တို့ ကားတစ်စီးစီ ရှေ့ဆင့်နောက်ဆင့် သွားတဲ့ လမ်းကြောင်း တစ်ခုမှာ တစ်ယောက်ယောက်က Mely ရဲ့ ကား ဆီတိုင်ကီထဲကို ပလစ်စတစ်အိတ်တွေ ထည့်သွားလေရော" ဟု Sumangil က ပြန်လည် ပြောပြသည်။

အခြားအဖွဲ့ဝင်များကလည်း Concerned Citizens စတင်ဆောင်ရွက်စဉ်က ခက်ခဲခဲ့သည့် အချိန်များကို ပြန်လည်ပြောပြသည်။ "အသက် အန္တရာယ် ခြိမ်းခြောက်တာတွေက ကျွန်မတို့အတွက်တော့ မဆန်းတော့ပါဘူး" ဟု အဖွဲ့တည်ထောင်သူ တစ်ဦးဖြစ်သည့် Madriaga က ပြောသည်။ သို့သော်လည်း ခြိမ်းခြောက်မှုများက စေတနာ့ဝန်ထမ်းများကို မရပ်တန့် နိုင်ခဲ့ပါ။ "ခြိမ်းခြောက်ခံခဲ့ရတယ်။ ဒါပေမယ့် ခြောက်တိုင်း ကြောက်နေလို့ မဖြစ်ဘူးလေ။ ကိုယ်လုပ်နေကျ နှိုးဆော် တိုက်တွန်း စည်းရုံးတဲ့ ကိစ္စတွေ ဆက်လုပ်နေတာပါပဲ" ဟု Baltar က ထောက်ခံ ဖြည့်စွက်၍ ပြောသည်။

အဖွဲ့၏ အားသာချက်မှာ လူအင်အား ဖြစ်သည့် အတွက် အမာခံ စေတနာ့ဝန်ထမ်း အဖွဲ့ဝင်များသည် သွားလာရာတွင် သုံးဦး နှင့် အထက် ဖြင့်သာ သွားရန် ဆုံးဖြတ်ခဲ့သည်။ Baltar က "အဲဒီတုန်းက ကျွန်မတို့ CCAGG ရဲ့ ခေါင်းဆောင်တစ်ဦးကို သတ်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ဖို့ ကြံစည်နေတယ်ဆိုပြီး ကောလဟာလ တွေထွက်နေတယ်လေ။ အသက်အန္တရာယ် ခြိမ်းခြောက်မှုတွေ ရှိနေတာကြောင့် ဘယ်သူမှ တစ်ဦးတစ်ယောက်တည်း အပြင် မသွားဖို့ မူချမှတ်ခဲ့ရတယ်။ သိပ်ကို အန္တရာယ်များတဲ့ အချိန်ပါ။ ဘုန်းတော်ကြီးတွေတောင်မှ ကျွန်မတို့အဖွဲ့ကို ထောက်ခံအားပေးကြောင်း ကြေညာချက်တွေ ထုတ်ပေးခဲ့ရတယ်။" ဟု ဆိုသည်။

အသက်ခန္ဓာထိခိုက်မည့်အတွက် စိုးရိမ်ထိတ်လန့်မှုများ ကြားမှပင် စေတနာ့ဝန်ထမ်းများသည် ဆက်လက်ချီတက်နိုင်ခဲ့ကြသည်။ Divine Word College မှ Valera က "သေမလောက်ကြောက်တာပေါ့။ ကျွန်မတို့အားလုံးမှာလည်း မိသားစုတွေ ရှိတယ်လေ။ ကြောက်ပေမယ့်လည်း အစည်းအဝေးတွေကို သွားတာပါပဲ။ အဲဒီတုန်းက အထူးသဖြင့်တော့ ကျောင်းသားတွေက သိပ်ကို သတ္တိရှိကြပါတယ်။" ဟု ပြောပြသည်။

အချို့သော စေတနာ့ဝန်ထမ်းများမှာ နိုင်ငံရေး ဩဇာအာဏာကြီးသည့် မိသားစုများမှ ဖြစ်သည်။ "ကျွန်တော့်ကိုတော့ မခြိမ်းခြောက်ကြဘူး။ ကျွန်တော်က ဒီဆွေမျိုး အသိုင်းအဝိုင်းထဲကပဲ ဆိုပေမယ့် အခြား တစ်ဖက်မှာ လာလုပ်တဲ့သူပေါ့။ ဒါက ကိုယ်ကျင့်တရား ဆိုင်ရာ ရွေးချယ်မှုပဲလေ။" ဟု Basa က ပြောသည်။ အခြားအဖွဲ့ဝင်များစွာသည်လည်း ဩဇာအာဏာကြီး သည့် ဆွေမျိုးအသိုင်းအဝိုင်းများ ရှိကြပါသည်။ "အခြားသူတွေလည်း အဲလိုပါပဲ။ ပိုကောင်းတဲ့ အက်ဘာရာ ဖြစ်လာဖို့ဆိုတဲ့ ကျွန်တော်တို့ရဲ့ အိပ်မက်တွေ အတွက် ကိုယ်ကျိုး စွန့်ဖို့ အသင့်ပါပဲ။"

Concerned Citizens အဖွဲ့၏ အသင်းတော်နှင့် နုတ်ကပတ်တော် အဖွဲ့အစည်း တို့ဖြင့် ဆက်စပ်ပတ်သက်နေခြင်းက အဖွဲ့ဝင်များအတွက် ခိုင်မာသည့် အကာအကွယ်တစ်ခု ဖြစ်ခဲ့သည်။ "ကျွန်မတို့ အဖွဲ့နောက်မှာ အသင်းတော် ရှိနေတယ်လေ။ အသင်းတော်ကို ထိခိုက်အောင်လုပ်ရင် သူတို့ ဇာတ်သိမ်းသွားရမယ်ဆိုတာကို နိုင်ငံရေးသမား တွေက ကောင်းကောင်း သိပါတယ်။ နိုင်ငံရေးလောက မှာ သူတို့အနာဂတ်ပျောက်သွားမှာပေါ့။" ဟု Madriaga က ပြောသည်။ Sumangil ကလည်း အသင်းတော်၏ လွှမ်းမိုးမှုကြောင့် သူတို့အဖွဲ့ ဘေးကင်းလုံခြုံခဲ့ရခြင်း ဖြစ်ကြောင်း အသိအမှတ်ပြု ပြောသည်။ "ကျွန်မတို့ တွန်းနေတဲ့ အရေး ကို ကက်သလစ် အသင်းတော်က ထောက်ခံအားပေးနေလို့သာပေါ့။ မဟုတ်ရင် အခြေအနေတွေက တစ်မျိုးတစ်ဖုံ ဖြစ်ရင်ဖြစ်နေမှာ။ အဖွဲ့ဝင်အများစုကလည်း ကက်သလစ်ဘာသာဝင်တွေပါ။ အသင်းတော်ရဲ့ ဩဇာလွှမ်းမိုးမှုသာ မရှိခဲ့ရင် နိုင်ငံရေးသမားတွေဟာ ဒီထက်ပိုဆိုးလိမ့်မယ်။" ဟု ဆိုသည်။

Concerned Citizens သည် အခြား စီမံချက်အချို့ကိုလည်း တိုးချဲ့ဆောင်ရွက်ခဲ့ပြီး အစိုးရအေဂျင်စီများစွာဖြင့် မိတ်ဖက်ဆောင်ရွက်မှုများကို ပိုမိုအားဖြည့်ခဲ့ကာ၊ အဖွဲ့၏ ဂုဏ်သတင်းကို ဒေသတွင်းနှင့် မနီလာမြို့တော်အထိပါ ပျံ့နှံ့နိုင်မာ စေခဲ့သည်။ အရေးပါအရာရောက်သည့် အဖွဲ့အစည်း တစ်ခုဖြစ်လာပြီး၊ ပြည်တွင်းရော၊ ပြည်ပတွင်ပါ အဖွဲ့ကို သိရှိလာကြသည့်အခါ ခြိမ်းခြောက်မှုများနှင့် လာဘ်ထိုးခြင်းများလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားပါသည်။ Sumangil က "မနီလာမြို့တော်မှာ တရားဝင်ချီးကျူးခံရတာ၊ ဆုချီးမြှင့်ခံရတာတွေကြောင့် အက်ဘာရာမှာရှိတဲ့အစိုးရရုံးတွေကလည်း ကျွန်မတို့ကို အသိအမှတ်ပြုလာခဲ့တယ်။" ဟု ပြောသည်။

အစောပိုင်းနှစ်ကာလများတွင် လက်နက်ကိုင်တော်လှန်ရေး ပဋိပက္ခများကြောင့် Concerned Citizens ၏ စောင့်ကြည့်ရေး လုပ်ငန်းအချို့ အနှောင့်အယှက်ဖြစ်ခဲ့ရပါသည်။ အဖွဲ့အနေဖြင့် ပဋိပက္ခ သက်ရောက်ရာ နယ်မြေများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် နည်းလမ်းအချို့ကို စဉ်းစားဖန်တီးခဲ့ရသည်။ ဘန်ဌေ့မြို့နယ် ပတ်ဝန်းကျင် နယ်မြေများတွင် စေတနာ့ဝန်ထမ်းများသည် တစ်ခါတစ်ရံ၌ သူပုန်များနှင့် အစိုးရ စစ်သည်များ၏ အပြန် အလှန်ပစ်ခတ်မှုများ အကြားတွင် ပိတ်မိနေခဲ့သည်။ ထိုအချိန်က လူငယ်စေတနာ့ဝန်ထမ်းတစ်ဦး ဖြစ်သည့် Bumogas က "သေလုနီးပါး အတွေ့အကြုံကို တောင်ပေါ်မြို့ဖြစ်တဲ့ Lacab မှာ ကြုံခဲ့ရတယ်။ အဲဒီမှာ

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ကျွန်မတို့က လမ်းတစ်ခု ဖွင့်တာကို စောင့်ကြည့်နေခဲ့တာပါ။ တိုက်ပွဲဖြစ်နေတာကို မရိပ်မိခဲ့ဘဲ အလုပ်ပြီးတဲ့အထိ လုပ်နေခဲ့မိတယ်။ သေနတ်ပစ်သံတွေ စကြားရတော့ အဲလောက်ထိ တိုက်ပွဲ ပြင်းထန်မယ်လို့ မထင်မိဘူး။ ကျွန်မတို့ ထိခိုက်ဒဏ်ရာ မရခဲ့ပါဘူး။ ဒါပေမယ့် ရပ်ရွာထဲကို ပြန်တဲ့အခါမှာ လူသေအလောင်းတွေ အများကြီးတွေ့ရတော့ ကြောက်လန့် နေခဲ့တယ်။ ဒါပေမယ့် ဒီအတွေ့အကြုံက ကျွန်မတို့အလုပ်တွေကို တားဆီးနိုင် စွမ်းမရှိပါဘူး။ အဲဒီတုန်းက တိုက်ပွဲတွေက အနံ့အပြား ဖြစ်နေတာပဲလေ။ ဘယ်အချိန်တိုက်ပွဲ တစ်ခု ဖြစ်မလဲဆိုတာ ကြိုတင်မှ မသိနိုင်တာကိုး။ ကျွန်မတို့ရဲ့ စောင့်ကြည့်ရေး လုပ်ငန်းတွေကိုတော့ ဆက်လုပ်နေရမှာပဲလေ။" ဟု ပြန်လည်ပြောပြပါသည်။

Sumangil က "အဲဒီအချိန်တုန်းက စစ်တပ်နဲ့ NPA ရဲ့ တိုက်ပွဲတွေက အရမ်းပြင်းထန် ပါတယ်။ ငြိမ်းချမ်းရေး ရဖို့ ခက်ခဲနေခဲ့တဲ့ အခြေအနေ ဖြစ်ပေမယ့် လမ်းတွေက ဖောက်လုပ်နေဆဲ ဖြစ်တာကြောင့် စောင့်ကြည့်တာကို သတိနဲ့ ဆက်လက် လုပ်ဆောင်ခဲ့ပါတယ်။ NPA တပ်ဖွဲ့တွေနဲ့ လမ်းမှာ ဆုံတွေ့တဲ့အခါ သူတို့က 'ဒေါ်ဒေါ် ကျွန်တော်တို့ကို မမြင်ဘူး၊ မတွေ့ဘူး၊ ဟုတ်တယ်နော်' လို့ သတိပေးတယ်။ ကျွန်မတို့က လည်း 'ဟုတ်ကဲ့၊ ကျွန်မတို့ ဘယ်သူ့ကို မှ မတွေ့မိပါဘူးရှင်' လို့ ပြန်ပြောရတယ်။" ဟု ထိုအချိန်ကို ပြန်ပြောင်းပြောပြသည်။

၁၉၈၇ ခုနစ်တွင် အဖွဲ့သည် သမ္မတ အကွီနို၏ ဖိတ်ကြားမှုအရ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပါသည်။ အကွီနိုအစိုးရအဖွဲ့သည် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့များဖြင့် စေ့စပ်ညှိနှိုင်းနိုင်မည့် နည်းလမ်းများကို လိုအပ်နေခဲ့ချိန် ဖြစ်သည်။ အဖွဲ့သည် ရပ်ရွာသို့ ပြန်လာမည့် သူပုန်တပ်ဖွဲ့ဝင် များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး အစီအစဉ်အတွက် ညှိနိုင်းဆောင်ရွက်ပေးရာတွင် အရေးကြီးသည့် နေရာမှ ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ ငြိမ်းချမ်းမှု မရှိဘဲ ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ဟု လက်ခံယုံကြည်ထားသည့်အလျောက် အဖွဲ့သည် ငြိမ်းချမ်းရေး ဖြစ်စဉ်ဆိုင်ရာ သမ္မတ အကြံပေးရုံး (Office of the Presidential Adviser on the Peace Process) ၏ ငြိမ်းချမ်းရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု တွင် အနီးကပ် ပါဝင်ကူညီပေးခဲ့သည်။

Sumangil က "စောင့်ကြည့်ရေး ခရီးစဉ်တွေအတွင်းမှာ ကျွန်မတို့ တွေ့ဆုံခဲ့ဖူးတဲ့ NPA အဖွဲ့ဝင်တွေဟာ ငြိမ်းချမ်းရေးဖြစ်စဉ်က ဖန်တီးပေးတဲ့ ဒီမိုကရေစီနည်းကျ နေရာ (democratic space) ကို လက်ခံနိုင်ဖွယ်ရှိတဲ့ အခြေအနေတစ်ခုလို့ နားလည်လာခဲ့ပါတယ်။ အစိုးရက ကမ်းလှမ်းတဲ့ လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ် ကိုလည်း ရယူ ခဲ့ကြတယ်။ CCAGG ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ နယ်ဘက်တွေမှာ ပြုလုပ်တဲ့ တွေ့ဆုံဆွေးနွေးမှု များစွာမှာ တက်ကြွစွာ ပါဝင်ခဲ့တယ်။ ကျွန်မတို့ဟာ အက်ဘရာမှာရှိတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ဒေသန္တရ ဘုတ်အဖွဲ့မှာလည်း အဖွဲ့ဝင်တွေ အဖြစ် တက်ကြွစွာ ပါဝင်ခဲ့တယ်။" ဟု ပြောပြသည်။

အဖွဲ့သည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ရပ်ရွာတည်ဆောက်ရေး၌ ၎င်း၏ ပါဝင်မှု အခန်းကဏ္ဍကြောင့် ၁၉၉၄ ခုနစ်တွင် ယခင်သမ္မတ ကတော် ဟောင်း၏ အမည်ကို ဂုဏ်ပြု၍ ချီးမြှင့်သော Aurora Aragon Quezon ငြိမ်းချမ်းရေးဆုကို ရရှိခဲ့သည်။ အထူးသဖြင့် တော်လှန်ရေးတပ်ဖွဲ့များကို ထောက်ခံမှု များပြားသည့် တောင်တန်းဒေသများ၌ သွားရောက်ဆောင်ရွက်ချက်များ ကြောင့် ဖြစ်သည်။[12] စေ့စပ်ညှိနှိုင်းဆွေးနွေးလာခဲ့ရာတွင် Luzon မြောက်ပိုင်း၌ Cordillera အုပ်ချုပ်ရေး တိုင်းဒေသကြီး ဖွဲ့စည်းတည်ထောင်ရန်နှင့် အပစ်အခတ်ရပ်စဲရန် တဖြည်းဖြည်း ဦးတည်လာခဲ့ပါသည်။ (၂၀၁၃ ခုနစ်တွင် အက်ဘရာနယ် ဒေသအချို့တွင် အနိမ့်စားအဆင့် လက်နက်ကိုင် ပုန်ကန် လှုပ်ရှားမှု ဆက်လက်ဖြစ်ပွားခဲ့ပါသည်။)

## ရလာဒ်များကို ဆန်းစစ်အကဲဖြတ်ခြင်း (ASSESSING RESULTS)

CEDP အစီအစဉ် ၁၉၈၇ တွင် ပြီးဆုံးသည့်အခါ၊ NEDA သည် ၁၉၈၆ ခုနစ်တွင် စီမံချက်ပေါင်း

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

၂၂၈၂၈ ခုနှင့် ၁၉၈၇ ခုနှစ်တွင် ၂၉၇၉၆ ခု တို့ကို ဖန်တီး အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အစီအစဉ်သည် တစ်နိုင်ငံလုံးတွင် အလုပ်အကိုင်အခွင့်အလမ်းများမြင့်တင် ပေးခဲ့ရာတွင် အောင်ဂျင်စီ၏ မှတ်တမ်းများအရ ၁၉၈၆ ခုနှစ်၌ အလုပ်အကိုင် ပေါင်း ၄၅၄၀၀၉ ခု ၊ ၁၉၈၇ခုနှစ် တွင် ၄၄၈၃၃၀ ခု တို့ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ (အချို့သော လေ့လာချက်များတွင်မူ အလုပ်အကိုင်ဖန်တီးနိုင်မှု ထိထက်များစွာနည်းပါးသည်ကို တွေ့ရသည်။ ၁၉၈၆ မှ ၁၉၈၇ အကြားတွင် အလုပ်သစ် ၁၃၀၀၀၀ ခန့်သာ ရှိကြောင်း တွေ့ရသည်။[13])

၁၉၈၇ မှ ၂၀၀၆ ခုနှစ်အတွင်း အက်ဘရာတွင် Concerned Citizens စေတနာ့ ဝန်ထမ်းများသည် ပီဆို သန်း ၃၀၀ (US$7 million) တန်ဖိုးရှိသည့် အခြေခံအဆောက်အဦး စီမံချက် ၆၀၀ ကျော်ကို စောင့်ကြည့် စစ်ဆေးပေးနိုင်ခဲ့ပါသည်။ [14] စီမံချက်များတွင် ၁၉၈၇ ခုနှစ်၌ CEDP စီမံချက် အခု ၁၀၀ နှင့် နောက်နှစ်များတွင် barangay (ရပ်/ကျေး) စီမံချက် ၁၄၅ ခု၊ မြို့နယ် စီမံချက် ၂၉ ခု၊ ခရိုင် စီမံချက် ၄၆ ခု နှင့် နိုင်ငံတော် လမ်းမကြီး ၁၇ ခု တို့ ပါဝင်ပါသည်။ ထို့အပြင် စေတနာ့ ဝန်ထမ်းများသည် ကျောင်းအဆောက်အဦး ၁၄၉ ခု၊ ရေတွင်း ၁၂၃ တွင်း၊ ရေကြီးမှု ထိန်းချုပ် စီမံချက် ၄၂ ခု နှင့် တံတား ၁၉ စင်း တို့ကိုလည်း စစ်ဆေး ခဲ့ကြသည်။[15]

အဖွဲ့၏စောင့်ကြည့်ရေး ဆောင်ရွက်ချက်ကြောင့် စီမံချက်အချို့၏ နည်းပညာ ချွတ်ယွင်းမှုများကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ဥပမာအားဖြင့် ဝေးလံခေါင်သီ မြို့ဖြစ်သည့် Tubo မှ ဆည်မြောင်းစနစ် အလွဲအမှားများ နှင့် ခရိုင်နှစ်ခုကို ဆက်သွယ်သည့် နိုင်ငံအဆင့် Abra-Kalinga လမ်းမကြီးတွင် ကျောက်စရစ်ခဲများ မပါဝင်ခြင်း စသည်တို့ဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် စောင့်ကြည့်သူများသည် ပီဆို ၈.၂၆ သန်း (US$300,000) ကုန်ကျသည့် Sinalang ချောင်းကွင်း တံတားကို အရည်အသွေး မပြည့်မီကြောင်း အစီရင်ခံတင်ပြခဲ့သည်။ Concerned Citizens ၏ အစီရင်ခံစာနှင့်အတူ စာရင်းစစ်ကော်မရှင်၏ နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုများမှ တဆင့် ကော်မရှင်၏ တိုက်တွန်းချက်အရ ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဦးစီးဌာနမှ အရာရှိများကို တရားစွဲဆိုမှုများ ပြုလုပ် ခဲ့သည်။[16]

မနီလာမှ အရာရှိများသည် Concerned Citizens ၏ ထိရောက်သည့် စွမ်းဆောင်မှုကို အခြားဒေသများမှ အလားတူ အဖွဲ့များဖြင့် နှိုင်းယှဉ်ပြီး အာရုံစိုက်မိလာခဲ့သည်။ အက်ဘရာ ဒေသ တာဝန်ခံဖြစ်သည့် NEDA စီမံချက်အရာရှိ De Perio က "The Concerned Citizens of Abra for Good Government အဖွဲ့ဟာ အဖွဲ့အစည်းတွေအားလုံးထဲက အကောင်းဆုံးထဲမှာ ပါပါတယ်။ သူတို့အဖွဲ့ဟာ မြန်မြန်ဆန်ဆန်၊ ထိထိရောက်ရောက် လုပ်နိုင်တယ်။ အမြဲတမ်း အချိန်မီ အစီရင်ခံတင်ပြတယ်။ သူတို့တတွေဟာ စီမံချက်အကောင်အထည်ဖော်တာတွေကို စောင့်ကြည့်စစ်ဆေးဖို့ အရမ်း စိတ်အားထက်သန်ပြီး၊ ဒီစီမံချက်တွေ အောင်မြင်မှုရဖို့ နစ်မြှုပ်ပြီး လုပ်ကြတယ်" ဟု သုံးသပ်သည်။

၁၉၈၈၊ ဖေဖော်ဝါရီတွင် သမ္မတ အကွီနိုက Concerned Citizens အဖွဲ့အား "ရပ်ရွာလူထု အလုပ်အကိုင်အခွင့်အလမ်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ် (CEDP) ၏ စီမံချက်များကို စောင့်ကြည့် စစ်ဆေးခြင်းဖြင့် ရပ်ရွာဖွံ့ဖြိုးရေး၌ တက်ကြွစွာ ပါဝင်ခဲ့သောကြောင့် ဒေသ - ၁ ၌ အထူးချွန်ဆုံး NGO ဆု" ကို ချီးမြှင့်ခဲ့သည်။

ထပ်မံ၍ အခြား ဆုချီးမြှင့်မှုများ၊ အသိအမှတ်ပြုမှုများကို ဆက်လက်ရရှိခဲ့သည်။ ၁၉၈၉၊ ဒီဇင်ဘာတွင် အက်ဘရာခရိုင်မှ ပြည်သူ့စီးပွားရေး ကောင်စီနှင့် ကုန်သွယ်ရေးနှင့် စက်မှု ဦးစီးဌာနတို့ကလည်း အခြေခံအဆောက်အဦးလုပ်ငန်းများ စောင့်ကြည့်ခြင်းဖြင့် ခရိုင်အတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိစေခဲ့သောကြောင့် အဖွဲ့၏ ဆောင်ရွက်ချက်များကို တရားဝင် အသိအမှတ် ပြုပေးခဲ့သည်။ ၂၀၀၀ ခုနှစ်တွင် Concerned Citizens အဖွဲ့သည် Transparency International အဖွဲ့ကြီး၏ Integrity Award ဆု ကို "ကောင်းမွန်သည့် အုပ်ချုပ်မှု ရရှိရေး

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

အတွက် လာဘ်ပေး၊ လာဘ်ယူနှင့် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်သည့် အဖွဲ့အစည်းများ" အမျိုးအစား အတွက် တစ်ကမ္ဘာလုံးမှ အဖွဲ့လေးဖွဲ့ကို ရွေးချယ်ချီးမြှင့်သည့် အနက် တစ်ခုကို ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ တိုင်ကြားစာများ လက်ခံသည့် ရုံး ကလည်း Concerned Citizens အား အကောင်းဆုံး မိတ်ဖက် အရပ်ဘက်လူမှု အဖွဲ့အစည်းများအနက် တစ်ဖွဲ့အဖြစ် တရားဝင် အသိအမှတ်ပြုခဲ့သည်။

နိုင်ငံသားတို့၏ စောင့်ကြည့်မှု တစ်ခုတည်းဖြင့် ပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်သည်တော့ မဟုတ်ပါ။ Concerned Citizens က စောင့်ကြည့်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သော်လည်း အက်ဘရာဒေသမှ နိုင်ငံအဆင့်နှင့် ခရိုင်အဆင့် လမ်းများ၏ ၇၅% မှာ ၂၀၁၂ ခုနှစ်အထိ ကွန်ကရစ်/ ကတ္တရာ ခင်းထားနိုင်ခြင်း မရှိသေးပါ။ [17]

ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ကြီးမားသည့် စိန်ခေါ်ချက်များက အက်ဘရာတွင် နက်ရှိုင်းသည့် အပြောင်းအလဲများဖြစ်ရေးအတွက် အဟန့်အတား ဖြစ်နေဆဲပင်။ ဥပမာဆိုရလျှင် အစိုးရ၏ ညွှန်းကိန်းများအရ ဆင်းရဲမွဲတေမှု သည် နာတာရှည်ပြဿနာ တစ်ခု ဖြစ်နေခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် အမျိုးသား စာရင်းအင်း ပေါင်းစပ် ညှိနိုင်ရေး ဘုတ်အဖွဲ့ (National Statistical Coordination Board) က အက်ဘရာ ကို ဖိလစ်ပိုင်နိုင်ငံရှိ အဆင်းရဲဆုံး ခရိုင် ၁၀ ခုအနက် နဝမ အဆင်းရဲဆုံး ခရိုင်အဖြစ် သတ်မှတ်ခဲ့သည်။ အိမ်ထောင်စု ၅၀.၁% က ဆင်းရဲမှု သတ်မှတ်ချက် မျဉ်း ဖြစ်သော တစ်နှစ်ဝင်ငွေ ပီဆို ၁၇၉၀၀ (US$390) ၏ အောက်သို့ ရောက်နေခဲ့ပါသည်။ [18] ဘုတ်အဖွဲ့၏ အချက်အလက်များအရ Cordillera တိုင်းဒေသကြီးတစ်ခုလုံး၌ ၂၀၀၃ ခုနှစ်တွင် ဆင်းရဲမှု ၂၅.၈% ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ၂၈.၈% သို့ ပိုမိုတိုးလာကြောင်း ညွှန်ပြနေပါသည်။[19]

ရွေးကောက်ပွဲပြိုင်ဆိုင်မှုများ ပိုမို ပြင်းထန်ကြမ်းတမ်းလာသည့် အလျောက် ၂၀၀၀ ခုနှစ်များတွင် နိုင်ငံရေး ဆိုင်ရာအကြမ်းဖက်မှုများ အမြင့်ဆုံး ဖြစ်လာခဲ့သည်။ ဥပမာအားဖြင့် ၂၀၀၁ မှ ၂၀၀၉ ခုနှစ်အကြားတွင် ထင်ပေါ်ကျော်ကြားသည့် နိုင်ငံရေးသမား အယောက် ၃၀ ခန့် အက်ဘရာတွင် အသတ်ခံခဲ့ရပါသည်။ ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲ တစ်ခုတည်း၌ပင် ရွေးကောက်ပွဲ ဆက်စပ် အကြမ်းဖက်မှု (election-related violence) အမှုအခင်း ၃၀၀ ကျော် ရှိခဲ့ရာတွင် ၁၂၉ ဦး အသတ်ခံခဲ့ရပြီး၊ ၁၇၇ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း တွေ့ရသည်။[20] ၂၀၀၈ ခုနှစ်တွင် ဖိလစ်ပိုင် အမျိုးသား ရဲတပ်ဖွဲ့၊ ဒေသရုံး၏ အဆိုအရ Cordillera တိုင်းဒေသ ကြီးတွင် ဖြစ်ပွားသည့် လူသတ်မှုများ အားလုံး၏ ၆၀% မှာ အက်ဘရာတွင် ဖြစ်ပွားခြင်း ဖြစ်ကြောင်း သိရသည်။[21]

*ပြောင်းလဲလာသည့် ဆက်သွယ်၊ ဆက်ဆံမှုများ (Changing relationships)*

ဆောက်လုပ်ရေးစီမံချက်များတွင် ပြဿနာများ ဆက်လက်ရှိနေဆဲ ဖြစ်သော်လည်း အဖွဲ့၏ စောင့်ကြည့်မှုကြောင့် အပြန်အလှန်ထိန်းကျောင်း စစ်ဆေးမှု (checks and balances) များ တိုးတက်လာခဲ့သည်ဟု ကာလရှည်ကြာ ဆောင်ရွက်ခဲ့သည့် စေတနာ့ ဝန်ထမ်းများက မှတ်ချက် ပြု ပြောသည်။ "အကျင့်ပျက်ခြစားတာတွေ လုံးဝ မရှိတော့ဘူးလို့ မပြောနိုင်ပေမယ့်၊ အရင်ထက် လျော့နည်းသွားပြီလို့တော့ ပြောနိုင်ပါတယ်။ မကြာသေးခင် ကပဲ ကျွန်မတို့ စီမံချက်တစ်ခုကို စောင့်ကြည့်ခဲ့တဲ့အခါ မှာ စံချိန်စံညွှန်းမမီတာကို တွေ့ရှိပါတယ်။ သူတို့က ဘိလပ်မြေအိတ်အရေအတွက်ကို လုပ်ငန်းအစီအစဉ် ထဲကအတိုင်း မဟုတ်ဘဲ လျှော့ပြီး သုံးထားတာပါ။ အဲဒီက ကွန်ကရစ် တုံးကို မနီလာ ကို ပို့ပြီး စစ်ဆေးစေတဲ့အခါမှာ ဒါဟာ စံချိန်စံညွှန်း မပြည့်မီကြောင်း အတည်ပြုနိုင်ခဲ့တယ်။ အဲဒီတော့ ဒီကွန်ကရစ်ကို ပြန်ဖယ်ပြီး၊ အသစ် ပြန်ဆောက်ဖို့ ဦးစီးဌာနက ကန်ထရိုက်တာ ကို လှမ်းပြောပါတယ်။ ကုန်ကျစရိတ်ကိုလည်း ကန်ထရိုက်တာကပဲ ကျခံရမှာပါ။" ဟု Velara က ပြောပြသည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ပြစ်မှုကျူးလွန်သည့် အရာရှိများကိုပေးသည့် ပြစ်ဒဏ်များမှာ ၎င်းတို့ကျူးလွန်သည့် အမှားများနှင့် ယှဉ်လျှင် ကိုက်ညီမှု အမြဲတမ်းတော့ မရှိလှပါ။ ဥပမာ - Concerned Citizens က ၁၉၉၆ ခုနှစ် Sinalang ရှောင်ကွင်း တံတား ၏ အရည်အသွေးကို မေးခွန်း ထုတ်သောအခါ ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဦးစီးဌာနသည် စွပ်စွဲ ခံရသည့် အင်ဂျင်နီယာကို တာဝန်ပေါ့ဆမှုဖြင့် တစ်လသာ ရာထူးဆိုင်းငံ့ ပြစ်ဒဏ်ချခဲ့သည်။ [22] အဆိုပါတံတားသည် ၁၉၉၇ ခုနှစ်တွင် တောင်ကျရေဖြင့် မျောပါ ပျက်စီး သွားခဲ့ပါသည်။

ဖြစ်ရပ်ဥပမာအများစုတွင် ကန်ထရိုက်တာများ၊ ဒေသန္တရ အရာရှိများနှင့် အဖွဲ့၏ ဆက်ဆံရေးသည် အချိန်ကြာလာသည်နှင့် အမျှ တိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။ ယခင်က အတိုက်အခံပြုခဲ့သော အရာရှိများသည်လည်း စောင့်ကြည့်သူများဖြင့် ပူးပေါင်းဆောင်ရွက်လာခဲ့ပြီး၊ အစိုးရရန်ပုံငွေများ ထုတ်မပေးမီတွင် တိုးတက်မှုကို ဆန်းစစ်အကဲဖြတ်ပေးရမည့် ဒေသညွှန်ကြားချက်အတွက် စောင့်ကြည့် အစီရင်ခံစာများကို အခြေပြုဆောင်ရွက်ခဲ့ကြသည်။ စောင့်ကြည့်သူများက ၎င်းတို့အနေဖြင့် မဟာဗျူဟာကိုလည်း ပြင်ဆင်ပြောင်းလဲခဲ့သည်ဟု ဆိုသည်။ Sumangil က "အစပိုင်းမှာတော့ ကျွန်မတို့က သူတို့ကို ရင်ဆိုင် တိုက်ခိုက်ခဲ့တာပေါ့။ ဒါပေမယ့် အခုအချိန်မှာတော့ အပြုသဘောဆောင်တဲ့ ထိတွေ့ဆက်ဆံမှု (constructive engagement) ကို အသုံးပြုရမယ် ဆိုတာ နားလည် သွားပါပြီ။ အပြုသဘောဆောင်တဲ့ ထိတွေ့ဆက်ဆံမှုကို ကျင့်သုံးဖို့ ပြောင်းလဲလိုက်တာဟာ အတွေ့အကြုံကနေ ပေါ်ထွက်လာတာပဲ ဖြစ်ပါတယ်။" ဟု ဆိုသည်။

သို့သော်လည်း ခြွင်းချက် အခြေအနေများကတော့ ရှိစမြဲပင်။ ခရိုင်အတွင်းမှ အချို့သော မြို့အုပ်ချုပ်ရေး အဖွဲ့များက ပြင်ပအကူအညီကို ရယူရမည်ဆိုသည့် အယူအဆကို လုံးဝ လက်သင့်မခံနိုင်ကြပဲ၊ Concerned Citizens အဖွဲ့ကို ခါးခါးတူးတူး ငြင်းဆန်ကြခဲ့ပါသည်။ ဥပမာအားဖြင့် Danglas မြို့အုပ်ချုပ်ရေး ကောင်စီသည် Danglas ရှိ စီမံချက်များအား Concerned Citizens အဖွဲ့မှ လာရောက် စစ်ဆေးကြည့်ရှုခြင်းကို တားမြစ်သည့် ဆုံးဖြတ်ချက် တစ်ခု ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် Concerned Citizens ၏ ပါဝင်ဆောင်ရွက်မှုသည် မြို့နယ်၏ "တည်ငြိမ်မှုပျက်ပြားစေခြင်း၊ စည်းလုံးမှုပျက်ပြားစေခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်သဖြင့်" ဟုဆိုသည်။[23]

ထို့အပြင် အစီအစဉ်၏ အချို့သော အစိတ်အပိုင်းများမှာ အချိန်ကြာလာသောအခါ ပျက်ပြယ်သွားခဲ့ရသည်။ ၁၉၉၀ ခုနှစ်များ အလယ်ပိုင်းကို ကျော်လွန်လာသည့် အခါတွင် ဒေသန္တရအရာရှိများသည်ကန်ထရိုက်တာ များကို ငွေပေးချေရန်အတွက် Concerned Citizens ၏ အစီရင်ခံစာကို မစောင့်တော့ပါ။ ၎င်းတို့ဘက်မှ ကြည့်လျှင် ဦးစီးဌာနအနေဖြင့် တိုးတက်မှု အစီရင်ခံစာကို စောင့်နေရင်း ငွေပေးချေမှုကို နှောင့်နှေး ကြန့်ကြာနေ၍ မဖြစ်ပါ။ Edwin Bringas က Concerned Citizens သည် အခြားအစိုးရအဖွဲ့အစည်းများဖြင့်လည်းပူးပေါင်း၍ အဖွဲ့၏ လုပ်ရှားဆောင်ရွက်မှုများကို တိုးချဲ့လာခဲ့သောကြောင့် စီမံချက် အားလုံးကို လိုက်လံ ကြည့်ရှုစစ်ဆေးနိုင်ခြင်း မရှိတော့ဟု ဆိုသည်။ "သဘောတူညီချက်က အလိုလို ပျက်ပြယ်သွားတာပါပဲ။ CCAGG ဟာ ဦးစီးဌာန မှာ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်ခဲ့တာကိုလည်း တွေ့မြင်ခဲ့ပြီးပါပြီ။ သူတို့မှာ ကျွန်တော်တို့ စီမံချက်တွေ အားလုံးကို စောင့်ကြည့် စစ်ဆေးပေးဖို့ အချိန်လည်း မရှိဘူးလေ။ ကန်ထရိုက်တာတွေကိုလည်း ငွေပေးချေမှ ဖြစ်မှာ။" ဟု သူက ပြောသည်။

Concerned Citizens ကလည်း ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဦးစီးဌာန၏ ဒေသအတွက် ညွှန်ကြားချက် ဖြစ်သည့် ဦးစီးဌာနက ရန်ပုံငွေ ထုတ်မပေးမီ အဖွဲ့၏ စေတနာ့ဝန်ထမ်းများမှ လေလံနှင့် စီမံချက် တိုးတက်မှု အခြေအနေကို စောင့်ကြည့်တင်ပြရန် လုပ်ပိုင်ခွင့်ပေး ထားသည်ကို လိုက်နာရန် အတင်း ပြောဆိုနေခြင်း မရှိတော့ပါ။ ကန်ထရိုက်စာချုပ်များ လေလံပစ် ရွေး

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ချယ်ရာတွင် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုသဖြင့် ပစ္စည်းဝယ်ယူရေးအပိုင်းကို ပိုမို လွတ်လပ်အောင် ဖွင့်ပေးနိုင်ခဲ့သော်လည်း ကန်ထရိုက်စာချုပ်များ ရွေးချယ် ပေးအပ်ရာတွင် သမာသမတ်ကျကြောင်း အာမ မခံနိုင်ခဲ့ပါ။ Valera က "တစ်နည်းပြောရရင်တော့ ပွင့်လင်းမြင်သာမှု ပိုရှိသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စီမံချက်ကန်ထရိုက်တာတွေကို ကြိုတင်ပြီး ရွေးချယ် ထားတာမျိုးမဖြစ်သင့်ဘူးလေ။ ဒါပေမယ့် အရာရှိတွေက ကန်ထရိုက်စာချုပ်တွေကို သူတို့လိုလားတဲ့ ကန်ထရိုက်တာက ရသွားအောင် တစ်နည်းနည်းနဲ့တော့ လုပ်တာပဲ။ တစ်ခါတစ်လေတော့လည်း ကျွန်မတို့က အဲဒါကို သိပ်အလေးထားမနေတော့ပါဘူး။ စီမံချက်ကိုမှန်မှန်ကန်ကန် အကောင်အထည်ဖော်နိုင်ဖို့ပဲ လိုတာပါ။" ဟု ပြော သည်။

တစ်ချိန်တည်းမှာပင် Concerned Citizens အဖွဲ့ဝင်များက အဖွဲ့အစည်း၏ စည်းရုံးတိုက်တွန်းရေး လုပ်ငန်းက နိုင်ငံသားများ၏ နှုန်းစံများနှင့် အပြုအမူ စရိုက်များ ပြောင်းလဲရေးအတွက် အထောက်အပံ့ဖြစ်ခဲ့သည်ဟု ဆိုသည်။ Baltar က "အရင်တုန်းကဆိုရင် လူတွေက ကိုယ်ရထားတဲ့ အနေအထားကို အလွယ်တကူ လက်ခံလိုက်တာပဲ။ ဒါပေမယ့် ကျွန်မတို့က သူတို့ကို မေးခွန်းတွေ မေးတတ်လာအောင် ၊ အစိုးရ အရာရှိတွေနဲ့ ထိတွေ့ဆက်ဆံတတ်လာအောင် သင်ကြားပေးခဲ့တယ်။ ဒါက သူတို့ရဲ့ အခွင့်အရေးပဲလေ။ ပြည်သူ့ဘဏ္ဍာဆိုတာ စောင့်ကြပ် စစ်ဆေးခံရမှာပဲ၊ တာဝန်ခံမှု ရှိရမှာပဲ။ ကျွန်မတို့က အစိုးရ အရာရှိတွေဆီကနေ တာဝန်ခံမှုကို တောင်းဆိုခဲ့တာပါ။" ဟု ဆိုသည်။

"စီမံချက်တွေကို စောင့်ကြည့်စစ်ဆေးဖို့ စတင်ခဲ့ရတာကို လေထန်ရေဆန် တိုက်ပွဲတစ်ခုလိုပါ။ ဒီရှေ့ဆောင်လမ်းပြခဲ့တဲ့ လှုပ်ရှားဆောင်ရွက်မှုက အက်ဘရာရဲ့ ဆိတ်ဆိတ်နေတတ်တဲ့ ယဉ်ကျေးမှုကို ချိုးဖျက်ပစ်ခဲ့တယ်။ အချိန်တစ်ခုကို ရောက်တော့ ဒီစောင့်ကြည့်ရေးလုပ်ငန်းဟာ လူလိမ်လူညစ်တွေကို တားဆီးဖို့ ထိရောက်တဲ့ နည်းစနစ် တစ်ခုဆိုတာ ကျွန်မတို့က သက်သေပြနိုင်ခဲ့တယ်။ အခုဆိုရင် အစိုးရလုပ်ငန်းတွေကို အကောင်အထည်ဖော်ပေးတဲ့ သူတွေဟာ အစိုးရစီမံချက်တွေနဲ့ပတ်သက်ပြီး ပြည်သူက သိချင်တဲ့ မေးခွန်းတွေကို ပြန်ဖြေပေးရမယ်ဆိုတာကို လက်ခံနေကြပါပြီ။" ဟု Sumangil က ဖြည့်စွက်ပြောသည်။

*တိုးချဲ့မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု (Expansion and sustainability)*

အဖွဲ့အစည်းတစ်ခု အဖြစ် Concerned Citizens ၏ အောင်မြင်မှုကို အဖွဲ့၏ အစိုးရအဖွဲ့အစည်း များစွာဖြင့် ပူးတွဲဆောင်ရွက်ခဲ့သည့် လုပ်ငန်းများဖြင့်လည်း တိုင်းတာ နိုင်ပါသည်။ အဖွဲ့သည် ၁၉၉၃ မှ ၁၉၉၇ အထိ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတ ဦးစီးဌာနဖြင့် ပူးတွဲ၍ သစ်တောစီမံခန့်ခွဲမှု စီမံကိန်းတစ်ခု အတွက် ရပ်ရွာလူထုကို စုစည်း၊ စည်းရုံးခဲ့ပါသည်။ ၁၉၉၈ ခုနှစ်နှင့် ၁၉၉၉ တို့တွင် ပညာရေး ဦးစီးဌာနဖြင့် မူလတန်းကျောင်းများကို စောင့်ကြည့်စစ်ဆေးခဲ့သည်။ ၂၀၀၀ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ် ကော်မရှင်၏ တာဝန်ခံမှု မြှင့်တင်ရေး အစီအစဉ် ၏ အစိတ်အပိုင်းတစ်ရပ် အဖြစ်၊ အဖွဲ့သည် ကော်မရှင်ဖြင့် ပူးပေါင်း၍ အက်ဘရာရှိ ဒေသန္တရ အစိုးရ အဖွဲ့အစည်းများအား နိုင်ငံ၌ ပထမဆုံးဖြစ်သည့် ပြည်သူပူးပေါင်းပါဝင်သည့် စာရင်းစစ်ဆေးမှု (participatory audit) ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) က ရန်ပုံငွေ ပံ့ပိုးပေးခဲ့ သည့် အဆိုပါ စာရင်းစစ်ဆေးမှုတွင် ပြည်သူ့ ဆောက်လုပ်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဦးစီးဌာန၏ လမ်းစီမံချက် ၂၃ ခု နှင့် ပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတ ဦးစီးဌာန ၏ ရပ်ရွာလူထု စီမံချက် များပါဝင်ပါသည် ။

အဖွဲ့သည် လယ်ယာစိုက်ပျိုးမှု ပြုပြင်ပြောင်းလဲရေး ဦးစီးဌာန (Department of Agrarian Reforms) ဖြင့် ၂၀၀၂ ခုနှစ်မှစတင်၍ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် Concerned Citizens အဖွဲ့သည် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး အမျိုးသားကော်မရှင်

© 2014, Trustees of Princeton University

(National Anti-Poverty Commission) ဖြင့် ဒေသန္တရ ဆင်းရဲမှု လျော့ချရေး စီမံချက်များကို စောင့်ကြည့် စစ်ဆေးပေးခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အဖွဲ့အစည်းသည် အက်ဘရာတွင် ဆောင်ရွက်သော ဗဟိုအစိုးရ၏ စံသတ်မှတ်ချက် ပြည့်လျှင် ငွေပေးသည့် အစီအစဉ် (conditional cash transfer program) ကို စောင့်ကြည့်စစ်ဆေးခဲ့သည်။ ထိုဆောင်ရွက်ချက်များအပြင် အဖွဲ့သည် NAMFREL ၏ ဒေသခံ အသင်းအဖွဲ့ အဖြစ် လေးနှစ် တစ်ကြိမ် ပြုလုပ်သည့် ရွေးကောက်ပွဲများကို စောင့်ကြည့်ပေးခဲ့ပြီး၊ ရွေးကောက်ပွဲ ပညာပေး အစီအစဉ်များကိုလည်း ဦးဆောင်ပြုလုပ်ပါသည်။

ဤသို့သော ပူးပေါင်းဆောင်ရွက်မှုများရှိနေသော်လည်း Concerned Citizens အဖွဲ့ဝင်များက အစိုးရသည် သူတို့၏ လုပ်ငန်းများကို အထောက်အကူဖြစ်အောင် ပိုမိုကူညီပေးခဲ့သင့်သည်ဟု ဆိုသည်။ "NEDA ကနေ Monsod ထွက်သွားတော့ နောက်ရောက်လာတဲ့ အကြီးအကဲက ပြည်သူလူထုကို စွမ်းအားဖြည့် မြှင့်တင်ပေးတဲ့ စည်းရုံးလှုပ်ရှားမှုတွေ လုပ်တာကို သိပ်ပြီး မပံ့ပိုးပေးဘူး။ သမ္မတ ကိုရီ (ကိုရာဇွန် အကွီနို) အစိုးရအဖွဲ့လက်ထက်တုန်းက ရခဲ့ဖူးတဲ့ အရာကို မရတော့ဘူး။ ပြည်သူလူထုကို စွမ်းအားဖြည့် မြှင့်တင်ပေးဖို့ ဗဟိုအစိုးရဘက်က ရေရှည် ဆောင်ရွက်ပေးတာ မရှိဘူး။ ကံကောင်းချင်တော့ ကျွန်မတို့က အခြား စည်းရုံးဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ ပါဝင်တာကနေ နည်းပညာပိုင်း ကျွမ်းကျင်မှုတွေ ရလာခဲ့တယ်။ ဒါကြောင့်ပဲ အရေးကိစ္စအမျိုးမျိုးကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုပြုလျှောက်လွှာတွေ ကောင်းကောင်း ပြင်ဆင်တင်ပြနိုင်ခဲ့လို့ ခုထိ ဆက်လက် ရပ်တည်နေ နိုင်တာပေါ့။" ဟု ပြောပြသည်။

လုပ်ငန်းများကို ဆက်လက်တည်တံ့စေရန်နှင့် စေတနာ့ဝန်ထမ်းအခြေပြု ပုံစံထက်ကျော်လွန်၍ လုပ်ဆောင်နိုင်ရန်အတွက် အဖွဲ့အစည်းသည် ဆောင်ရွက်မှု အများအပြား အတွက် အလှူရှင် ထောက်ပံ့ငွေများ (donor grants) များ ကို လျှောက်ထား တောင်းခံခဲ့ကြသည်။ "[စေတနာ့ဝန်ထမ်းများဖြစ်သော] အဖွဲ့ဝင်ဝန်ထမ်းတွေက ဝင်ငွေရတဲ့အလုပ်လုပ်ဖို့ နုတ်ထွက်ခွင့် တောင်းလာတဲ့ အချိန်တစ်ခုကို ရောက်လာခဲ့တယ်။ ကျွန်မတို့တတွေ စေတနာ့ဝန်ထမ်းဖြစ်ခဲ့ကြတာဟာ ကောင်းမွန်တဲ့ အရာတစ်ခုပါ။ ဒါပေမယ့်လည်း သူတို့က လာပြီးရင် ပြန်ထွက်သွား ကြတာလေ။ စေတနာ့ ဝန်ထမ်းတွေနဲ့ လုပ်ရတဲ့ အခါ ကျွန်မတို့က အချိန်နဲ့ ငွေကြေး ရင်းနှီးမြှုပ်နှံထားရတယ် ။ သူတို့ကို အစည်းအဝေးတွေ၊ ကွန်ဖရင့်တွေဆီ လွှတ် တယ်။ အစိုးရလုပ်ငန်းစဉ်တွေမှာ အကျွမ်းတဝင် ဖြစ်အောင် လုပ်ပေးတယ်။ ပြီးတော့ သူတို့ကို လက်လွှတ်လိုက်ရတဲ့ အခါကျတော့ တစ်ခြားသူတွေကို အသစ်ပြန်စ ပြီး လေ့ကျင့်သင်ကြားပေးရပြန်တယ်။ ဒါကြောင့် အဲဒီ အချိန်မှာ ကျွန်မတို့ လေးလေးနက်နက် စပြီး စဉ်းစားမိ တယ်။ ငါတို့ဒီအတိုင်း အနှောင်အဖွဲ့ လုံးဝ ကင်းတဲ့ သူ တွေ (purists) အဖြစ်နဲ့ ဆက်နေသွားလို့ တော့မရ တော့ဘူး။ လူ့အဖွဲ့အစည်းအပေါ်မှာ ငါတို့နဲ့ မျှော်မှန်းချက် အမြင်တွေ ထပ်တူညီတဲ့ အဖွဲ့အစည်းတွေဆီကနေ ရန်ပုံငွေ လျှောက်မှ ဖြစ်မယ် ဆိုပြီး စဉ်းစားခဲ့ကြတယ်။" ဟု Sumangil က ရှင်းပြသည်။

၁၉၉၁ ခုနှစ်တွင် Oxfam Canada က Concerned Citizens ကို Luzon ကျွန်းမြောက်ပိုင်း၌ လျောင်ဘေး ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး အစီအစဉ်တွက် ရန်ပုံငွေ စတင် ပံ့ပိုးပေးခဲ့သည်။ နောက် ဆယ်စုနှစ် နှစ်ခု အတွင်းတွင် Concerned Citizens သည် UNDP ၊ ဗြိတိသျှကောင်စီ၊ ကမ္ဘာ့ဘဏ်၊ the Partnership for Transparency Fund၊ the Organization for Economic Co-operation and Development နှင့် the Asia Development Bank စသည့် အဖွဲ့အစည်းများထံမှ စီမံကိန်းရန်ပုံငွေ ရယူခဲ့ပါသည်။ ထိုရန်ပုံငွေများကြောင့် အဖွဲ့အစည်းသည် အချိန်ပြည့် ဝန်ထမ်းများကို လစာဖြင့် ခန့်ထားနိုင်ခဲ့ပြီး လုပ်ငန်းများကို ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့သည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

*သင်ခန်းစာများကို ဖြန့်ဝေပေးခြင်း (Broadcasting lessons)*

နှစ်ပေါင်းများစွာအတွင်း ရရှိခဲ့သည့် သင်ခန်းစာများကို ဖြန့်ဝေနိုင်ရန်အတွက် Concerned Citizens သည် နိုင်ငံ၏ အခြားဒေသများမှ အလားတူ အဖွဲ့များဖြင့် အတူပူးပေါင်းဆောင်ရွက်ခြင်း နှင့် လမ်းညွှန် ပြသခြင်းများဖြင့် အဖွဲ့၏ နယ်ပယ်ကို ချဲ့ထွင်ခဲ့သည်။ အက်ဘရာမှ အသင်းတော်သာသနာ နယ် အခြစိုက် အများစုပါဝင်သည့် အဖွဲ့ ၃၀ နှင့် မြောက်ပိုင်းခရိုင်များမှ အဖွဲ့နှစ်ဖွဲ့တို့ ပူးပေါင်းပါဝင်ပြီး ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ကောင်းမွန်သော အုပ်ချုပ်မှု ဖြစ်ပေါ်ရေးအတွက် Luzon မြောက်ပိုင်းဒေသ ပူးပေါင်းအဖွဲ့ (Nothern Luzon Coalition for Good Governance) က အဖွဲ့ဝင်ဖြစ်သည့် Concerned Citizens ထံမှ အခြေခံ ဆောက်အအုံ ဆောက်လုပ်ရေး စီမံချက်များ စောင့်ကြည့်ခြင်းနှင့်ပတ်သက်ပြီး အကူအညီနှင့် သင်တန်းများ ပေးရန် တောင်းခံခဲ့သည်။

၂၀၀၆ ခုနှစ်တွင် အဖွဲ့သည် အဖွဲ့အစည်း ၂၄ ခု ပူးပေါင်းပါဝင်သည့် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု ကွန်ယက် (Transparency and Accountability Network) ဖြင့် ပူးပေါင်းပြီး Road Watch ဟု ခေါ်သည့် နိုင်ငံအဆင့် လမ်းဆောက်လုပ်ရေးလုပ်ငန်း စောင့်ကြည့်မှု စီမံကိန်းကို ဦးဆောင်ခဲ့သည်။ အခြားသော မိတ်ဖက် အဖွဲ့များနှင့် အတူ Concerned Citizens သည် စေတနာ့ဝန်ထမ်း တစ်ရာခန့်ကို ဒေသအသီးသီးတွင် လမ်းများ စောင့်ကြည့်ရန် သင်တန်းပေးခဲ့သည်။ ၂၀၀၇ ခုနှစ်သို့ ရောက်သည့်အခါတွင် အဖွဲ့အစည်းသည် ခရိုင် ၁၅ ခုတွင် တာဝန်ခံကိုယ်စားလှယ်များ သို့မဟုတ် မိတ်ဖက် အဖွဲ့များ ရှိနေခဲ့ပြီ ဖြစ်သည်။[24] ၂၀၁၀ ခုနှစ်တွင် အဖွဲ့သည် နိုင်ငံ၏ ပင်မကျွန်းကြီးဖြစ်သည့် Luzon ၏ ဝေးလံသည့် တောင်ပိုင်း ဒေသရှိ Bicol မှ အခြေခံ အဆောက်အအုံ စီမံချက်များကို စောင့်ကြပ်ကြည့်ရှုရန်အတွက် စောင့်ကြည့်သူ ၃၅ ဦးကို လေ့ကျင့် သင်တန်းပေးခဲ့ပါသည်။

Road Watch မှ စီစဉ်ညှိနှိုင်းရေးမှူးများသည် Concerned Citizens ၏ အောက်ခြေလူတန်းစား အခြေပြုနည်းလမ်းကို လေ့လာသင်ယူခဲ့ကြရပါသည်။ ကွန်ယက်မှ အမှုဆောင် ဒါရိုက်တာ Vincent Lazatin က "သူတို့ အဖွဲ့အစည်းဟာ ဒေသခံ စောင့်ကြည့်သူတွေကို စွမ်းအားဖြည့် မြှင့်တင်ပေးတာနဲ့ ပတ်သက်လာရင် ပြတ်ပြတ်သားသား၊ သေသေချာချာ လုပ်တယ်။ အစပိုင်းမှာ ဒေသခံစောင့်ကြည့်သူ တွေက ကျွန်တော်တို့ကို အစီရင်ခံစာတွေ ပေးမယ်။ ကျွန်တော်တို့က ဒါကို ဝန်ကြီးဌာနဆီ တင်ပြမယ်ပေါ့လေ။ ဒါပေမယ့် Concerned Citizens က အဲဒီလိုသွားနေရင် အရမ်နောက်ကျသွားပြီး လမ်းတည်ဆောက်တာကလည်း ပြီးသွားလိမ့်မယ်လို့ ပြောတယ်။ စောင့်ကြည့်သူတွေဟာ ပထမဆုံး ဒေသခံ အရာရှိတွေနဲ့ ထိတွေ့ ဆက်ဆံသင့်တယ်လို့ သူတို့က အကြံပြုတယ်။ ရှည်ကြာစွဲမြဲနေတဲ့ ပြဿနာ တွေက နောက်ပိုင်းမှာ ပိုပြီး ဆိုးလာ နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က အောက်ခြေက ကိစ္စတွေကို အရင် ဖြေရှင်းရမယ်။" ဟု ဆိုသည်။

သို့သော်လည်း ပူးပေါင်းအဖွဲ့မှ မိတ်ဖက်အဖွဲ့ဝင်များက Road Watch လုပ်ငန်းများ ဆောင်ရွက်ရာတွင် Concerned Citizens ၏ တင်းကျပ်၊ ပြင်းထန်လွန်းသည့် နည်းလမ်းကို မရွေးချယ်ခဲ့ကြပါ။ "Concerned Citizens အဖွဲ့ဝင်တွေက ပြည်သူ့ဆောက်လုပ်ရေးနဲ့ အဝေးပြေးလမ်းမကြီးများ ဦးစီးဌာနရဲ့ ပူးပေါင်းဆောင်ရွက်မှု မရှိတဲ့ ဒေသရုံးနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ပြီး ကြမ်းတမ်းခက်ခဲ တဲ့ ပတ်ဝန်းကျင်မှာ ဖြတ်သန်းခဲ့ရတာလေ။" ဟု Latizan က သုံးသပ်သည်။ "နိုင်ငံအဆင့်မှာ ဆောင်ရွက်တဲ့ အခါမှာကျတော့၊ အခက်အခဲမရှိဘူးရယ်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ်ကျွန်တော်တို့က ဒီစနစ်ထဲမှာ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခဲ့တာပါ။ ကျွန်တော်တို့ရဲ့ လုပ်ကိုင်ပုံနည်းလမ်းက ပူးပေါင်းပါဝင်မှုနဲ့ မိတ်ဖက်ဆောင်ရွက်မှုကို ဦးတည်တဲ့ပုံစံဖြစ်ပါတယ်။" ဟု ဆိုသည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ထိပ်တိုက်ရင်ဆိုင်မှု နည်းလမ်းအစား ပူးပေါင်းဆောင်ရွက်မှုကို ရွေးချယ်ခဲ့သောကြောင့် Road Watch အစီအစဉ်သည် Concerned Citizens လုပ်ခဲ့သလို မီဒီယာ၏ဖိအားကိုသုံးရန်သိပ်မလွယ်ကူခဲ့ကြောင်း Lazatin က ပြောသည်။ "နိုင်ငံအဆင့်ဆောင်ရွက်ရတဲ့အခါမှာ ပြဿနာတစ်ခုကို မီဒီယာမှာ ကျယ်ကျယ်လောင်လောင်ပါဝင်လာပြီး အရာရှိတွေ အခက်တွေ့၊ အရှက်ရတာမျိုး ဖြစ်မလာခင်မှာ ဦးစီးဌာနက ကိုင်တွယ်ဖြေရှင်းတာမျိုး ဖြစ်စေချင်တယ်" ဟု သူက ဆိုသည်။ "ဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိလားဆိုတာကို အရင်ကြည့်ချင်သေးတယ်။ မရတော့မှပဲ မီဒီယာဆီ သွားဖို့ပေါ့။ ဒါပေမယ့် ပြဿနာ အများစုကိုတော့ ကျွန်တော်တို့ စိတ်ကျေနပ်လောက်အောင် ဖြေရှင်းပေးခဲ့ပါတယ်။" ဟု ဆိုသည်။

သို့သော်လည်း အစိုးရတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု ပိုမိုဖြစ်ပေါ်ရေး အတွက် ၂၀၀၀ခုနှစ်နှစ်လည်ပိုင်းတွင် အလှူရှင်အဖွဲ့အစည်းများ (donor agencies) က စတင် တွန်းအားပေး ဆောင်ရွက်လာခဲ့ကြရာတွင်၊ အခြားအဖွဲ့အစည်းများအတွက် မျှဝေရန် သင်ခန်းစာများ ရရှိထားပြီး ဖြစ်သည့် Concerned Citizens အဖွဲ့သည် ဦးစီးဦးဆောင်နေရာတွင် ရှိနေခဲ့ပါသည်။ Baltar က "ကျွန်မတို့ လုပ်ခဲ့ကြတဲ့ အချိန်တုန်းက ကျွန်မတို့က ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုဆိုတာတွေ ပြောခဲ့တာ မဟုတ်ပါဘူး။ ပြည်သူလူထုပူးပေါင်းပါဝင်မှု ရရှိရေးအတွက် ပြောဆိုလုပ်ကိုင်ခဲ့ကြတာဖြစ်ပါတယ်။ နောက်တော့ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုဆိုတဲ့ အယူအဆတွေ ခေတ်စားလာပါ တယ်။ အဲဒီအတွက် စံနမူနာ ဖြစ်ရပ်တွေကို ရှာဖွေတဲ့အခါမှာ နိုင်ငံတကာအဖွဲ့အစည်းတွေက ကျွန်မတို့အဖွဲ့ကို တွေ့ပါတယ်။ ကျွန်မတို့ရဲ့ အတွေ့အကြုံတွေကို အခြားသူတွေကို မျှဝေပေးဖို့ ဖိတ်ကြားခံရပါတယ်။ ဒါတွေက ကျွန်မတို့ရဲ့ လုပ်ကိုင်ပုံ အယူအဆတွေကို ထိထိရောက်ရောက် ဖြန့်ဝေပေးနိုင်တဲ့ နည်းလမ်းတွေပဲလေ။" ဟု ပြောပါသည်။

## ပြန်လည်သုံးသပ်ချက်များ (REFLECTIONS)

ကောင်းမွန်သည့်အစိုးရ ဖြစ်ရေးအတွက် အက်ဘရာမှ တာဝန်သိနိုင်ငံသားများ (Concerned Citizens of Abra for Good Government) အဖွဲ့၏ ခေါင်းဆောင်များက စောင့်ကြည့်ရေးလှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်ထိန်းထားနိုင်ခဲ့ခြင်းမှာ အကြောင်းအချက်များစွာကြောင့် ဖြစ်ကြောင်း ပြောပါသည်။ ရပ်ရွာပြည်သူများကို စုစည်းနိုင်ခဲ့ခြင်းနှင့် အရန်သင့် ရှိနေသည့် များစွာသော စေတနာ့ဝန်ထမ်းများသည် အဓိကကျသော အကြောင်းအရင်းများဖြစ်သည်ဟု ဆိုသည်။ တည်ထောင်သူတစ်ဦးဖြစ်သည့် Leticia Madriaga က "ဒါက ကျွန်မတို့ရဲ့ အားသာချက်ပဲ။ ပြည်သူ့အဖွဲ့အစည်းများစွာဟာ ဒီနေရာကနေ စတင်သင့်တယ်။ အစိုးရတာဝန်ထမ်းဆောင်နေတဲ့သူ မဟုတ်ပေမယ့်လည်း အပြောင်းအလဲအတွက် ပြည်သူတွေ ပါဝင်ဆောင်ရွက်လို့ရပါတယ်။" ဟု ပြောသည်။

မီဒီယာကို ထိရောက်စွာ အသုံးချနိုင်ခဲ့သဖြင့် Concerned Citizens ၏ ဆောင်ရွက်ချက်များ ကို ပျံ့နှံ့သိရှိစေခဲ့ပြီး၊ အခြေခံပြည်သူလူထု၏ ထောက်ခံအားပေးမှုကို ရရှိအောင် လုပ်ဆောင်နိုင်ခဲ့သည်။ သတင်းထောက်တစ်ဦးဖြစ်ပြီး၊ စေတနာ့ဝန်ထမ်းလည်းဖြစ်သူ Aniceta Baltar က "တိုက်တွန်းစည်းရုံးတဲ့ ကိစ္စတွေကို အများအားဖြင့် ရေဒီယိုနဲ့ သတင်းစာကနေပဲ လုပ်ခဲ့တာပါ။ မီဒီယာကိုသာ အားမကိုးခဲ့ရင် ကျွန်မတို့ အခုရောက်နေတဲ့ နေရာမှာ ရှိနေမယ် မဟုတ်ဘူး။ အစိုးရအရာရှိတွေကို ဖိအားပေးစရာရှိလာရင် ရေဒီယိုဌာနကို သွားပြီး ဖြစ်နေတဲ့ ပုံမှန်မဟုတ်တဲ့ ကိစ္စတွေကို ထုတ်ဖော်ပြောပစ်လိုက်တာပဲ။ အဲဒါက အတော်အလုပ်ဖြစ်ပါတယ်။" ဟု ဆိုသည်။

ပြည်တွင်းနှင့် နိုင်ငံတကာမှ အသိအမှတ်ပြုမှုများကလည်း စေတနာ့ဝန်ထမ်းများကို တွန်းအားပေးနိုင်ခဲ့ပြီး၊ အဖွဲ့အစည်းနှင့် အဖွဲ့ဝင်များအပေါ် အများပြည်သူ၏ ယုံကြည်လက်ခံမှု ရရှိစေခဲ့သည်။ အခြားတည်ထောင်သူ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် Elizabeth Valera က "၁၉၈၈ ခုနှစ်မှာ သမ္မတကိုယ်တိုင် ချီးမြှင့်ခဲ့တဲ့ ဆု ကို ရရှိပြီးတဲ့နောက်မှာ ကျွန်မတို့ဟာ အဖွဲ့

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

အစည်းပေါ်မှာ ပိုနှစ်မြှုပ်ပြီး လုပ်လာခဲ့ကြတယ်။" ဟု ပြန်ပြောင်း ပြောပြသည်။

Concerned Citizens ၏ အသင်းတော်ကို အခြေပြု၍ ဆောင်ရွက်ခဲ့ခြင်းကလည်း အဖွဲ့၏ ကနဦး ရပ်တည်နိုင်စွမ်းနှင့် အောင်မြင်မှု အတွက် လွန်စွာ အဓိကကျခဲ့ပါသည်။ Edwin Bringas ကဲ့သို့သော အစိုးရ အရာရှိများက သုံးသပ်ခဲ့သည်မှာ "သူတို့အဖွဲ့ ဆက်လက် ရှင်သန်ရပ်တည်နိုင်ခဲ့တာက အများ ပြည်သူရဲ့ ယုံကြည်လက်ခံမှုကြောင့်ပဲ။ သူတို့က အသင်းတော်နဲ့ ချိတ်ဆက်ထားပြီး လုပ်တော့ အများ ယုံကြည် လက်ခံမှုကို ရတယ်။ ဒီ အက်ဘာရာမှာက ဘယ်သူမဆို ဂိုဏ်းအုပ်ဘုန်းတော်ကြီး ပြောတာဆိုရင် နားထောင်ကြတယ်။" ဟု ဖြစ်သည်။ Concerned Citizens အဖွဲ့ကို ရိုမန်ကက်သလစ် အသင်းတော်မှ ငွေကြေးပံ့ပိုးမှု၊ ရုံးနေရာ၊ မီဒီယာ အသုံးပြုခွင့် နှင့် ပစ္စည်း ပစ္စယ များကြောင့် အဖွဲ့သည် အစောပိုင်းနှစ်များတွင် တည်တည်ငြိမ်ငြိမ် ရှေ့ဆက်နိုင်ခဲ့ပါသည်။ ထို့အပြင် အသင်းတော်၏ ကျောထောက်နောက်ခံကြောင့် စေတနာ့ဝန်ထမ်းများအား ထိခိုက်အန္တရာယ် မဖြစ်အောင် ကာကွယ်ပေးနိုင်ခဲ့ သည်။

Concerned Citizens ၏ အောင်မြင်မှုသည် ကာလရှည်ကြာ နှစ်မြှုပ်လုပ်ကိုင်ခဲ့သည့် ခေါင်းဆောင်များကြောင့် ဖြစ်သည်ဟု မိတ်ဖက်အဖွဲ့များက သုံးသပ်ကြသည်။ ၂၀၁၃ ခုနှစ် အစောပိုင်းတွင် Concerned Citizens မှ အသက် ၇၁ နှစ် ရှိပြီဖြစ်သည့် ဦးဆောင်နာယကဖြစ်သူ Pura Sumangil သည် အဖွဲ့အစည်းကို ဦးဆောင်ခဲ့သည်မှာ ၂၇ နှစ် ရှိခဲ့ပြီ ဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာမှပါ အသိအမှတ်ပြုမှု ရရှိထားသူ ဖြစ်သည်။ Road Watch ၏ အမှုဆောင်ဒါရိုက်တာ Vincent Lazatin က "Pura Sumangil ဟာ ဦးဆောင်နိုင်စွမ်းနဲ့ ဩဇာလွှမ်းမိုးနိုင်စွမ်းကို ပေါင်းစပ်ထားတဲ့ သူတစ်ယောက်ပါ။ သူက တကယ့် အမာခံ နိုးဆော်ရေး သမားတစ်ယောက်ပါပဲ။ ၁၂ နာရီကြာတဲ့ မနီလာ အသွားအပြန် ခရီးကို နေ့ချင်းပြန် သွားနိုင်တဲ့သူဖြစ်ပါတယ်။ သူနဲ့အတူ ဒီအဖွဲ့အစည်းကို စတင်ထူထောင်ခဲ့သူတွေကလည်း အခုထိ ရှိနေတုန်းပါပဲ။" ဟု ဆိုသည်။

သို့သော်လည်း ရေရှည်တွင် ဆက်လက် ရပ်တည်နိုင်ရန်အတွက် Concerned Citizens အနေဖြင့် အဖွဲ့အစည်းအတွင်းမှ ဦးဆောင်မှုနှင့် စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံများကို ပိုမိုအားကောင်းလာစေရေး အတွက် အလေးထားဆောင်ရွက်ရမည် ဖြစ်သည်။ အဖွဲ့အစည်း ကို ၁၉၈၆ ခုနှစ်ကတည်းက ဦးစီးဦးဆောင်ပြုလာခဲ့သည့် Sumangil နှင့် အခြား ခေါင်းဆောင်များက ၎င်းတို့ အနားယူပြီးနောက်တွင် အဖွဲ့အစည်းသည် ရေရှည်တည်တံ့ခိုင်မြဲရန် လိုကြောင်း သဘောပေါက် နားလည်ထားကြပါသည်။ the Partnership for Transparency Fund ၏ ရန်ပုံငွေဖြင့် အမာခံအဖွဲ့သည် ဘုတ်အဖွဲ့တစ်ခုကို ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်း ခဲ့သည်။ အမာခံအဖွဲ့ အဖွဲ့ဝင်များက ဥက္ကဋ္ဌ၊ အမှုဆောင် ဒါရိုက်တာ ၊ ဒုတိယ ဥက္ကဋ္ဌ နှင့် အခြား စီမံခန့်ခွဲရေး ရာထူး ၇ ခုကို နှစ်စဉ် ရွေးကောက် တင်မြှောက်ပေးခဲ့သည်။

အက်ဘာရာ၏ ကြမ်းတမ်းခက်ခဲသည့် နောက်ခံ အခြေအနေနှင့် လုံလောက်မှု မရှိသည့် အစိုးရ ဝန်ဆောင်မှုများကြောင့် အဖွဲ့အစည်းသည် အခန်းကဏ္ဍများစွာတွင် မဖြစ်မနေ ပါဝင်ဆောင်ရွက်ခဲ့ရသည်။ သို့သော် လည်း အဖွဲ့အစည်း၏ များပြောင်လှသောလုပ်ငန်းများကြောင့် စီမံချက်များ အသီးသီးတွင် အချိန်၊ ငွေ၊ လူ စသည့် အရင်းအမြစ်များ အားနည်းလာခဲ့သည်။ Valera က "တစ်ကြိမ်မှာတော့ ကျွန်မတို့ ဆွေးနွေးဖြစ်ခဲ့ကြတယ်။ ငါတို့ဘာကြောင့် အရေးကိစ္စပေါင်း များစွာကို လုပ်နေကြရတာလဲပေါ့။ ဥပမာ ပြောရရင် ကျွန်မတို့ဟာ ဇီဝမျိုးစုံမျိုးကွဲ ကိစ္စမှာ ပါဝင်နေသလို၊ နယ်နမိတ် အငြင်းပွားတဲ့ ကိစ္စတွေကိုလည်း ဖြေရှင်းပေးနေရပြန်တယ်။ ငါတို့ ဘာကြောင့် အခြား အရပ်ဘက် လူမှုအဖွဲ့တွေလို ကိစ္စတစ်ခုတည်း အပေါ်မှာ အာရုံစိုက်မလုပ်နိုင်တာလဲပေါ့။ ဒါပေမယ့် လည်း ပြဿနာတွေက များပြားလွန်း တယ်။ ငြင်းဆန်ဖို့ မလွယ်ခဲ့ဘူး" ဟု ရှင်းပြပါသည်။ ထပ်တိုးလာသည့် စီမံကိန်းများကြောင့် အဖွဲ့အစည်းသည် မူလရည်မှန်း

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ချက်များထက်ပင် ကျော်လွန်၍ တိုးချဲ့လုပ်ကိုင် နေကြရပါသည်။

အဖွဲ့အစည်း၏ လုပ်ငန်းများက အစိုးရဝန်ဆောင်မှု၏ လစ်ဟာကွက်ကို ကူညီဖြည့်ပေးခဲ့သော်လည်း ခရိုင်အတွင်း ရေရှည် ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲများဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိဟု အဖွဲ့ဝင်များနှင့် လေ့လာသုံးသပ်သူများက ပြောဆိုသည်။ စေတနာ့ဝန်ထမ်းဟောင်း တစ်ဦးဖြစ်သူ Eric Basa က "ချီးမြှင့်ခံခဲ့ရတဲ့ ဆုတွေအရပြောရရင် Concerned Citizens of Abra အဖွဲ့ဟာ အောင်မြင်မှုတွေ အများကြီးရအောင် လုပ်နိုင်ခဲ့တာပါ။ ဒါပေမယ့် လုပ်စရာတွေက အများကြီးကျန်နေဆဲပါပဲ။ လာဘ်ပေးလာဘ်ယူ၊ အကျင့်ပျက်ခြစားမှုတွေ ရှိနေဆဲပါ။ အစိုးရအနေနဲ့ Concerned Citizens of Abra ကို တက်ကြွပြီး၊ အပြုသဘောဆောင်တဲ့ ဝင်ရောက်ဆောင်ရွက်မှုတွေ လုပ်သာအောင် စီစဉ်ဖန်တီးပေးနိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့က လုပ်ချင်လုပ်ပါတယ် ဆိုရင်တောင်မှ ဝင်ရောက်ဆောင်ရွက်နိုင်ဖို့ အစိုးရဖွဲ့စည်းတည်ဆောက်ပုံတွေက ခွင့်မပြုရင် ကျွန်တော်တို့က အကန့်အသတ်နဲ့ပဲ လုပ်နိုင်မှာဖြစ်တယ်" ဟု ဆိုသည်။

မနီလာမှ လေ့လာသုံးသပ်သူများကလည်း ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲများ မရှိခြင်းကို စိတ်ပျက်လက်ပျက် ညည်းညူကြသည်။ Government Watch အဖွဲ့မှ Joy Aceron က "Concerned Citizens of Abra အဖွဲ့ဟာ ကြံ့ကြံ့ခံရပ်တည်မှု၊ ရေရှည်တည်တံ့မှုတွေအရကြည့်ရင် အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် အကျိုးသက်ရောက်မှု ဘာဖြစ်ခဲ့လဲတာကို ကြည့်ဖို့လိုပါတယ်။ အက်ဘရာဒေသဟာ ခုချိန်ထိ ဆင်းရဲနေတုန်းပါ။ အဖွဲ့အစည်းဟာ သူတို့ရဲ့ ဝန်ဆောင်မှုတွေကို ဆက်လက်တည်တံ့အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ခရိုင်ကတော့ ဆင်းရဲ နေဆဲဖြစ်ပါတယ်။ ဖွဲ့စည်းတည်ဆောက်ပုံတွေဟာ ပြောင်းလဲမှု မရှိသေးပါဘူး။" ဟု သုံးသပ်သည်။

၂၀၁၃ ခုနှစ်တွင် စေတနာ့ဝန်ထမ်းများသည် အက်ဘရာ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်ရေးအတွက် ပိုမိုမြင့်မားသည့် ရည်မှန်းချက်များကို ဆက်လက် ချမှတ် ခဲ့ကြသည်။ Basa က "ကျွန်တော်တို့ဟာ စွမ်းအားဖြည့် မြှင့်တင်ပေးတဲ့ သူတွေဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။ ပြည်သူ တွေကို စပေါင်းဆောင်ရွက်တတ်လာအောင် ကျွန်တော်တို့ ကူညီပေးခဲ့ကြတယ်။ အစိုးရစီမံချက်တွေအကြောင်း သတင်းအချက်အလက်တွေ ပေးခဲ့ကြတယ်။ ပြည်သူ တွေဟာ ကိုယ်အကျိုးခံစားရမှာဖြစ်တဲ့ ကိစ္စတွေကို ပိုပြီး သိမြင်လာခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ အစခရီးဟာ လာဘ်ပေး လာဘ်ယူ၊ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ဖို့သာ ဖြစ်ပေမယ့်၊ ပိုမိုကောင်းမွန်တဲ့ အက်ဘရာဒေသ ဖြစ်လာရေးအတွက် ကျွန်တော်တို့ တတွေ ကြိုးစားပြီး ထည့်ဝင်သယ်ပိုးပေးခဲ့ကြပါတယ်။" ဟု ဆိုပါသည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

# နောက်ဆက်တွဲ - ဖိလစ်ပိုင်နိုင်ငံ၊ အက်ဘရာဒေသ မြေပုံ




© Eugene Alvin Villar, 2003.

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

အောင်မြင်သော လူ့အဖွဲ့အစည်းများအတွက် တီထွင်ဆန်းသစ်မှုများ (Innovations For Successful Societies-ISS) အစီအစဉ်က ဖြစ်ရပ်နမူနာ လေ့လာထားမှုများနှင့် အခြားထုတ်ဝေမှုများကို သတ်မှတ်လမ်းညွှန်ချက်များနှင့်ညီသော အောက်ဖော်ပြပါအသုံးပြုမှုအတွက် ကုန်ကျစရိတ်မရှိစေဘဲ ရရှိနိုင်ပါသည်။ ISS အချက်အလက်သိုမီးရာ website ကိုစိတ်ကူးအကြံဉာဏ်များ၏ ဘဏ်တစ်ခုအဖြစ် အသုံးပြုရန် ရည်ရွယ်ပြီး၊ မတူညီသော ပြုပြင်ပြောင်းလဲရေး နည်းဗျူဟာများ၏ အားနည်းချက်၊ အားသာချက်များကိုလက်တွေ့ကျင့်သုံးနေသူများနှင့် ပညာသင်ဆုရကျောင်းသားများက သုံးသပ်နိုင်ရန်နှင့် ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာများ၏ အကျိုးသက်ရောက်မှုများကို ချိန်ဆနိုင်ရန် ဖြစ်ပါသည်။ ဖြည့်စွက်လိုသောခေါင်းစဉ်များနှင့် စဉ်းစားရန်မေးခွန်းများ၊ ပြင်ဆင်ချက်များ၊ ဖြစ်ရပ်နမူနာ လေ့လာချက်များကို မည်သို့အသုံးပြုလျက်ရှိသည် စသည့် စာဖတ်သူ၏ တုန့်ပြန်မှုများကို ISS က ကြိုဆိုပါသည်။ iss@princeton.edu.

## အသုံးပြုရန်သတ်မှတ်ချက်များ

ISS၏ websiteမှ မည်သည့်စာရွက်စာတမ်းကိုမဆို လက်ခံရယူခြင်းမပြုမီ၊ အသုံးပြုမည့်သူများသည် ထိုစာရွက်စာတမ်းများရရှိနိုင်စေရန် သတ်မှတ်ချက်များကိုဖတ်ရှု၍ သဘောတူလက်ခံရမည်ဖြစ်သည်။ သတ်မှတ်ချက်များတွင် www.princeton.edu/successfulsocieties နှင့် Princeton တက္ကသိုလ်မှ ရရှိနိုင်သည့် သတင်းအချက်များကိုအသုံးပြုလိုသည့် မည်သူမဆိုနှင့် Princeton တက္ကသိုလ်အကြားတွင် ဥပဒေဆိုင်ရာ သဘောတူညီချက်တစ်ခုပါဝင်ပါသည်။

ဤသတင်းအချက်အလက်များကိုလွှဲပြောင်းလက်ခံရယူခြင်း သို့မဟုတ် အသုံးချခြင်းပြုလုပ်ရာတွင် အသုံးပြုသူများအနေဖြင့်-

(က) website မှ လွှဲပြောင်းလက်ခံရယူထားသည့် စာရွက်စာတမ်းကို အမေရိကန်နိုင်ငံမူပိုင် ခွင့်ဥပဒေ (Title 17, United State Code) ဖြင့် ကာကွယ်ထားကြောင်းသိရှိကြပါသည်။

( ခ ) ၎င်းစာရွက်စာတမ်းများကိုပညာရေးနှင့် သက်ဆိုင်သော၊ ပညာရှင်ဆန်သော၊ စီးပွားရေး မဟုတ်သော ရည်ရွယ်ချက်များအတွက်သာအသုံးပြုကြပါမည်။

( ဂ ) ဤသတင်းအချက်အလက်များ၏ မည်သည့်အပိုင်းကိုမဆို အခြားတတိယ အဖွဲ့အစည်း ထံသို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ခွဲဝေခြင်း၊ ခွင့်ပြုချက်ဖြင့် ထုတ်ပေးခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အသိပေးခြင်းတို့ ပြုလုပ်မည်မဟုတ်ပါ။ (တတိယအဖွဲ့အစည်း၏ website တွင် ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ပြသခြင်းပြုလိုလျှင် Princeton တက္ကသိုလ်၏ ISS အစီအစဉ် သို့မဟုတ် စာကြည့်တိုက်ထံမှ တိကျပြတ်သားသော၊ စာဖြင့်ရေးသားထား သော၊ ခွင့်ပြုချက် လိုအပ်မည်ဖြစ်သည်)

(ဃ) ဤစုဆောင်းထားသည့် သတင်းအချက်အလက်များ ပေါင်းစပ်ပါဝင်သည့် သို့မဟုတ် မှီငြမ်းထားသည့် ထုတ်ဝေမှုများ၊ တင်ပြချက်များ သို့မဟုတ် အခြားဆက်သွယ် လုပ်ဆောင်မှု

များအားလုံးတွင် ထိုသတင်းအချက်အလက်များမှာ ISS website မှ ရရှိကြောင်းကို အသိအမှတ်ပြုဖော်ပြပါမည်။ အကြံပြုလိုသည့် ကိုးကားဖော်ပြချက် ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

[စာရေးသူ (ဖော်ပြထားလျှင်)], [ခေါင်းစဉ်],Innovations For Successful Societies, Princeton University, http://princeto.edu/successfulsocieties မှ ရရှိသည်။ [website မှ ရရှိသည့်နေ့]

( င ) ကိစ္စရပ်အလိုက် လေ့လာချက်တွင် အသုံးပြုထားသည့် ကိုးကားချက်များသည် တွေ့ဆုံမေးမြန်းခံရသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအမြင်ရှုထောင့်ဖြစ်ကြောင်းသိရှိကြပါသည်။ စုဆောင်း ထားသည့် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုအတွက် ကြိုးပမ်း ထားသော်လည်း Princeton University သည် online မှ ရရှိသည့် မည်သည့်သတင်းအချက်များအတွက်မဆို တိကျမှန်ကန်မှု၊ ပြည့်စုံမှု၊ အချိန်မီမှု သို့မဟုတ် အခြားဂိသေသ လက္ခဏာများအတွက် အာမခံမည်မဟုတ်ပါ။

( စ ) အချက်အလက်စုဆောင်းသိုမှီးသည့် ပုံစံနှင့်/ သို့မဟုတ် အကြောင်းအရာနှင့် website ကို ပြင်ဆင်မည်၊ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်ပြုလုပ်မည် သို့မဟုတ် အချိန်ကာလအလိုက် မွမ်းမံမည်ကိုသိရှိကြပါသည်။

(ဆ) အချက်အလက်များသိုမှီးထားရှိမှုကိုရယူရန်နှင့် အသုံးပြုရန်မှာမိမိတို့၏ ကိုယ်ပိုင်စွန့်စားမှုဖြစ်ကြောင်းလက်ခံပါသည်။ သိုမှီးထားမှုမှ အချက်အလက်များကိုအသုံးပြုခြင်းမှ ပေါ်ပေါက်လာသည့် မည်သည့်ဆုံးရှုံးမှုများ သို့မဟုတ် ပျက်စီးမှုများအတွက်မဆိုPrinceton University တွင် တာဝန်ရှိစေမည်မဟုတ်ပါ။ သိုမှီးထာမှုစနစ်၏ လုပ်ဆောင်ချက်နှင့်ပတ်သက်သောမည်သည့်မှားယွင်းမှု သို့မဟုတ် ပျောက်ဆုံးမှုအတွက်မဆို Princeton University က တာဝန်မရှိပါ။

PRINCETON UNIVERSITY — The Mamdouha S. Bobst Center for Peace and Justice — PRINCETON UNIVERSITY WOODROW WILSON SCHOOL of Public & International Affairs

ISS သည် Princeton University ၏ Woodrow Wilson ပြည်သူ့ရေးရာနှင့် နိုင်ငံတကာရေးရာကျောင်းနှင့် Bobst Center for Peace & Justice တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ် တစ်ခုဖြစ်ပါသည်။ Woodrow Wilson ကျောင်းသည် ပြည်သူ့ဝန်ထမ်းအလုပ်များအတွက် ကျောင်းသားများကို ပြင်ဆင်ပေးပြီး မူဝါဒပိုင်းနှင့် အုပ်ချုပ်မှုပိုင်းတွင် ပညာရပ်ပိုင်း သုတေသနလုပ်ငန်းများကိုပံ့ပိုးပေးပါသည်။ ငြိမ်းချမ်းရေးနှင့် မျှတမှုအတွက် Bobst Center ၏ ရည်မှန်းချက်မှာ နိုင်ငံများအတွင်းနှင့် နယ်ခြားတစ်လျှောက် လုံးတွင် တိုင်းရင်းသားဓလေ့ထုံးစံနှင့် ဘာသာရေးယုံကြည်မှု များအတွက် နစ်ဖက်နားလည်မှုနှင့် လေးစားမှုမှ တဆင့် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုဆိုင်ရာ အကြောင်းတရားများ တိုးပွားလာစေရန်ဖြစ်ပါသည်။

ရည်ညွှန်းကိုးကားချက်များ

[1] Other founding members were Adelia Astudillo, Maritess Beñas, Fr. Adonis Bringas, Michael Paredes, Olive Tuzon, Aurelia Velasco, and Flora Velasco.

[2] The National Statistical Coordination Board provides provincial-level data from 1997 onward

[3] Pura DC. Sumangil, "The Role of a Non Government Organization as a People's Watchdog: The Case of the Concerned Citizens of Abra for Good Government," 1991, 21.

[4] Eric C. Batalla, "Deinstitutionalizing Corruption in the Philippines," 2000, 16.

[5] Ibid.

[6] "Selected Parts of Political Democracy and Reform Program (PODER) Report on Abra Election-Related Violence," Ateneo School of Government, 2011, 3.

[7] PODER Report, 6.

[8] Ibid.

[9] 1994 data from the Diocese of Bangued cites 82% Catholics in the province, http://www.cbcponline.net/bangued/index.html.

[10] PODER Report, 26.

[11] Luz Rimban, "Helping Communities by Monitoring Infrastructure: A Case Study of the CCAGG in the Philippines," Concerned Citizens of Abra for Good Government, 2012, 9.

[12] Gopathampi Krishnan, "Comparative Case Study on Social Accountability Initiatives: Inception, Evolution and Sustainability" (unpublished), Affiliated Network for Social Accountability in South Asia. Dhaka, Bangladesh: Institute of Governance Studies, BRAC University, 2011, 11.

[13] Brendan Luyt. "The Politics of JICA in the Philippines." *Journal of Contemporary Asia* 2007, 387.

[14] Rimban, 3.

[15] Rimban, 4.

[16] Karen Sirker and Sladjana Cosic, "Empowering the Marginalized: Case Studies of Social Accountability Initiatives in Asia," World Bank Institute, 2007, 48.

[17] Rimban, 2.

[18] PODER Report, 10.

[19] Ibid, 12.

[20] Maribel Buenaobra, "Changing the Landscape of Politics in the Philippines," 14 October 2009.

[21] Rimban, 2.

[22] Krishnan, 14.

[23] Danglas Municipal Resolution No. 09, Series of 1990.

[24] Sirker and Cosic, 49.